ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ စနေနေ့ (22-1-2011) (၆၆၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✪ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✪ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကလေးမြို့နှင့် ဟားခါးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး တာဟန်းဈေးသစ် တည်ဆောက်ပြီးစီးမှုနှင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဈေးသူ၊ ဈေးသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကျေးလက်လူမှုဘဝတွင် လိုအပ်ချက်တစ်ရပ်သဖွယ်ဖြစ်လာမည့် လျှပ်စစ်စွမ်းအင်ကို ဆိုလာစွမ်းအင်ဖြင့် ဖြည့်ဆည်းနိုင်ခြင်းဖြင့် လူမှုဟန်ပန်သစ်ဖြစ်ပေါ်စေခဲ့ပြီကို ဤသို့တွေ့ရစဉ်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် ကလေးမြို့ မြို့တွင်းလမ်းများ သပ်ရပ်ကောင်းမွန်မှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုးသည် ချင်းပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကလေး-သိုင်းငင်းလမ်းပိုင်း ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေး-ဖလမ်း-ဟားခါးလမ်း တိုးတက်ကောင်းမွန်မှုနှင့် လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ဖလမ်းမြို့ ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံ၌ စက်များ ကြံ့ခိုင်ကောင်းမွန်မှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖလမ်းမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးကြကာ သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဖလမ်းမြို့အနီးရှိ လိုင်ဗားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဖလမ်းမြို့နယ် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ☆

မြန်မာနိုင်ငံ၌ ဆိုလာစွမ်းအင်ဖြင့် ပထမဆုံး ရွာလုံးကျွတ်မီးလင်းသည့် ရွာသာယာကျေးရွာ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး

ယခင်ယခင်က အိပ်မက်မျှပင် မမက်ခဲ့ဖူးသည့် ကျေးလက်မိသားစု၏ ညခင်းမှာ ဆိုလာစွမ်းအင်ကြောင့် လင်းလက်တောက်ပခဲ့ပြီ။

နေစွမ်းအင်အသုံးပြုပြီး တစ်ရွာလုံးမီးလင်းနေပြီဟူသော မင်္ဂလာရှိသည့် သတင်းကြားခဲ့ရသည်။ ဝမ်းသာစရာကောင်းသလို စိတ်ဝင်စားစရာလည်းကောင်းသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော ရွာလုံးကျွတ် နေစွမ်းအင်အသုံးပြုသည့် ကျေးရွာအဖြစ် ဂုဏ်ယူဖွယ်ရာ ပေါ်ထွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုရွာအမည်ကား ရွာသာယာရွာ။

မြင်းခြံခရိုင် မြင်းခြံမြို့နယ် အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ၌ တည်ရှိသည့် ရွာဖြစ်သည်။ အိမ်ခြေ ၂၄၇ လုံးရှိပြီး နိုင်ငံတော်၏ အားပေးမှု၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ERES (EARTH RENEWABLE ENERGY SYSTEMS) ကုမ္ပဏီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုတို့ကြောင့် ရွာသာယာရွာတစ်ရွာလုံး အိမ်တိုင်း နေစွမ်းအင်ဖြင့် မီးများထိန်ထိန်လင်းနေပြီ။

မြန်မာနိုင်ငံတွင် ပထမဆုံး ရွာလုံးကျွတ် နေစွမ်းအင်သုံးစွဲကာ မီးလင်းနေပြီဖြစ်သည့် ရွာသာယာရွာသို့ သတင်းအဖွဲ့လေ့လာရန် ခရီးထွက်ခဲ့သည်။ မြင်းခြံခရိုင် မြင်းခြံမြို့နယ်အရှေ့ဘက် ၁၂ မိုင်ခန့်အကွာရှိ ရွာသာယာရွာကား စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည့်ရွာဖြစ်သည်။ ရွာပတ်ဝန်းကျင်တွင် စိမ်းစိုသော စိုက်ခင်းများကို တွေ့မြင်ရသည်။

ရွာအဝင်သို့ ရောက်ရှိချိန်သည် ညနေ ၆ နာရီ စွန်းစအချိန်ဖြစ်ရာ ရွာလယ်လမ်းမတစ်လျှောက် နေစွမ်းအင်သုံး မီးတိုင်များမှ လင်းထိန်ဖြာကျနေသော အလင်းရောင်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ ပီတိဖြစ်စရာ၊ ဝမ်းသာစရာကောင်းသည့်မြင်ကွင်းပင်။ ထိန်ထိန်လင်းနေသော ရွာလယ်လမ်းတစ်လျှောက် ဝင်ရောက်လာရင်း လမ်းဘေး ဝဲ၊ ယာရှိ နေအိမ်များကို ကြည့်လိုက်ရာ နေစွမ်းအင်သုံးမီးလုံးများဖြင့် လင်းထိန်ပြီး ကျက်သရေရှိစွာ မြင်တွေ့ရသည်။ ဆိုလာစွမ်းအင်သုံး မီးအလင်းရောင်ဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

၂၂-၁-၂၀၁၁
(စနေနေ့)

ဆီးချိုရောဂါဖြစ်ပွားမှု အစဉ်သတိပြု

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လူ့ဘဝတွင် အသက်ရှည်ကျန်းမာကြံ့ခိုင်နေမှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း ကျန်းမာရေးအသိဖြင့် စနစ်တကျ နေထိုင်စားသောက်လိုက်နာကြရန် လိုအပ်သည်။

ဆီးချိုရောဂါသည် လူတိုင်းတွင် ဖြစ်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆီးချိုရောဂါဖြစ်ပွားနှုန်းမှာ နှစ်စဉ်မြင့်တက်လျက်ရှိနေပြီး ၅၀ ရာခိုင်နှုန်းခန့်မှာ မိမိကိုယ်တိုင် ဆီးချိုရောဂါဖြစ်နေမှန်း မသိရှိကြပေ။ ဆီးချို သွေးချိုရောဂါသည် ခန္ဓာကိုယ်အတွင်း၌ အင်ဆူလင်ခေါ် ဓာတ်တစ်မျိုးထုတ်လုပ်မှု ချို့ယွင်းဖောက်ပြန်သောကြောင့် ဖြစ်ပွားလေ့ရှိသည့် ရောဂါဖြစ်သည်။

လူတစ်ဦးသည် ဆီးမကြာခဏသွားခြင်း၊ ရေအငတ်လွန်ခြင်း၊ ဆာလောင်မွတ်သိပ်နေခြင်း၊ ပိန်သွားခြင်း၊ နုံးချည့်နေခြင်း၊ စိတ်အာရုံစူးစိုက်မှု မရှိခြင်းစသည်တို့သည် ဆီးချိုရောဂါ၏ သတိပေးလက္ခဏာများဖြစ်သည်။ ထို့အပြင် အနာကျက်ခဲခြင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်ခြင်း၊ အမြင်အာရုံဝါးခြင်း၊ ခြေလက်များထုံခြင်း၊ ကျဉ်ခြင်း၊ ဗိုက်နာခြင်း၊ အန်ခြင်းတို့လည်း ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

ကျန်းမာရေးစစ်တမ်းများအရ မြန်မာနိုင်ငံတွင် မိမိကိုယ်တိုင် ဆီးချိုဖြစ်နေမှန်းမသိသူ ၇၀ ရာခိုင်နှုန်းအထိ ရှိနေသည်။ အများအားဖြင့် မြို့ပြတွင်နေသူများ၏ ၁၃ရာခိုင်နှုန်းကျော်နှင့် ကျေးလက်နေသူများ၏ ၇ ရာခိုင်နှုန်းကျော်တို့မှာ ဆီးချိုရောဂါဝေဒနာရှင်များဖြစ်နေကြသည်။ ဆီးချိုရောဂါမျိုးရိုးရှိသူ၊ အဝလွန်သူ၊ ကျန်းမာရေးလေ့ကျင့်ခြင်း နည်းပါးသူ၊ အဆီအဆိမ့်များစွာစားသုံးပြီး အသီးအနှံစားသောက်မှု နည်းပါးသူများသည် ဆီးချိုရောဂါရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးကြပြီး ရောဂါရှိပါက စနစ်တကျ နေထိုင်စားသောက်ဆေးကုသမှု ခံယူကြရပေမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံများပူးပေါင်း၍ ဆီးချို သွေးချိုရောဂါ မဖြစ်ပွားစေရေး ကာကွယ်လုပ်ဆောင်နေကြပြီ။ ဆီးချိုရောဂါဖြစ်ပွားပါက ကုသစရိတ်များပြားသဖြင့် အစားအသောက်ကုထုံးဖြင့် ကုသသင့်သည်။ အဝမလွန်စေရေး ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ အဆီအဆိမ့်များသော အစားအစာများ ရှောင်ရှား၍ အသီးအနှံ များများစားသုံးကြခြင်းတို့ဖြင့် လူတိုင်း ဆီးချိုရောဂါကင်းစင် အသက်ရှည်ကျန်းမာပျော်ရွှင်နိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း အထက (၂)ခွဲ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်က ယင်းကျောင်း နေခြည်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဝင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင် သော မသွန်းသာသာစိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀) ပြည့် ရွှေရတုသဘင်၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ၀၉-၅၅၀၄၇၀၃၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း - ၀၁-၅၇၂၁၉၉၊ ၀၉-၅၀၂၀၈၀၂၊ ဦးသန်းစိုး ဖုန်း-၀၁-၅၁၈၂၅၄၊ ၀၉-၅၁၉၂၇၉၁၊ ဒေါက်တာသန်းအောင်စိုး ဖုန်း - ၀၁-၃၈၆၇၅၂၊ ၀၉-၅၀၂၅၈၅၂၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၅၀၄၁၇၉၃၊ ဒေါက်တာနေမင်းထွန်း ဖုန်း-၀၉-၅၁၆၀၉၃၃၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ၀၉-၅၄၁၃၉၁၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌတို့ မြန်မာနိုင်ငံဆရာဝန်ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်း ပြခန်းများမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဆရာဝန် အသင်းကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဆေးပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ညီလာခံအထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်းပြခန်းများမုခ်ဦးကို တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဒလ တပ်နယ် ရေတာရှည်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းတွင် တပ်မိသားစုဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာသို့ရောက်ရှိပြီး Cyclone Shelter တည်ဆောက်ပြီးစီးမှုနှင့် နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်၍ ပညာသင်ကြားပို့ချနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား ချီးမြှင့်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ရေချိုရေစုကန်၌ ရေသိုလှောင်ထားရှိမှုနှင့် ရေချိုရေစုကန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Rammar Chariot Micro Bus
မော်တော်ယာဉ်များ နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် K-Future Co.,Ltd.နှင့် Rammar Automobile Manufacturing &Trading Co.,Ltd. တို့ပူးပေါင်းစီစဉ်မှုဖြင့် Automobile & Auto Parts Expo-2011ပြပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရှိရသည်။

ပြပွဲတွင် Rammar မှထုတ်လုပ်ထားသော နိုင်ငံတကာအရည်အသွေးမီ Chariot Micro Bus မော်တော်ယာဉ်များကို အဓိကပွဲထုတ်ပြသ၍ ရောင်းချလျက်ရှိပြီး First Automative Co.,Ltd. မှထုတ်လုပ်သော ISUZU Double Cab မော်တော်ယာဉ်များကိုလည်း ပြသမည်ဖြစ်သည်။ မော်တော်ယာဉ် ဆက်စပ်ပစ္စည်းတင်သွင်း / ထုတ်လုပ်ရောင်းချသူများ၏ ဆိုင်ခန်းများနှင့် သတင်းမီဒီယာများ၏ ဆိုင်ခန်းများလည်း ပါဝင်ကြောင်းသိရသည်။

Rammar ၏ Chariot Micro Bus များနှင့်ပတ်သက်၍ ၂၀၁၀ခုနှစ် ဖွန်လတွင် ပထမအကြိမ် ပြပွဲကျင်းပခဲ့စဉ်က အများပြည်သူမှ နှစ်ခြိုက်စွာ ဝယ်ယူအားပေးခဲ့ကြောင်း သိရှိရသည်။ ပြပွဲတွင် Promotion ကာလသတ်မှတ်၍ အထူးဈေးလျှော့ရောင်းချပေးလျက်ရှိပြီး အရစ်ကျငွေချေမှုစနစ်ဖြင့်လည်း ရောင်းချမည်ဖြစ်သည်။ Rammar မှ ထုတ်လုပ်သော Grade-I, Grade-II, Grade-III သုံးမျိုးစလုံးကို ရွှေရောင်၊ ငွေရောင်၊ အဖြူရောင်၊ အပြာရောင်၊ အနက်ရောင်နှင့် ၎င်းအရောင်ငါးမျိုးကို အောက်ခံခဲရောင် သုတ်ထားသော ဒီဇိုင်းငါးမျိုးအပါအဝင် ဒီဇိုင်း ၁၀မျိုး ပွဲထုတ်ပြသရောင်းချလျက်ရှိသည်။ ငွေချေပစ္စည်းအပ်ပုံစံဖြင့် ဝယ်ယူသူများ၏ လက်ထဲသို့ မော်တော်ယာဉ်များ ထုတ်ပေး နိုင်ရန် အဆင်သင့်ပြင်ဆင်ထားပြီး အချိန်စောင့်စရာမလိုအောင် စီစဉ်ထားကြောင်းသိရ သည်။

ဆက်လက်ကျင်းပ

Rammar ကထုတ်လုပ်သော မော်တော်ယာဉ်များသည် နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းများအတိုင်း ပြည်တွင်းတွင် ထုတ်လုပ်ထားပြီး အရည်အသွေးနှင့် ဒီဇိုင်းလှပမှု၊ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေ အသုံးတည့်မှုတို့ကြောင့် ဝယ်ယူသူများအနေဖြင့် အထူးကြိုက်နှစ်သက်ဝယ်ယူလျက်ရှိကြောင်း ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ ကုန်စည်ပြပွဲ၌ အဓိကကူညီပံ့ပိုးသူအဖြစ် မော်တော်ယာဉ်ပြပွဲ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းလိုပါက အမှတ်(၅၃/၅၄) စက်ဆရာဦးထွန်းလမ်း ရွှေပြည်သာစက်မှုဇုန် အပိုင်း(၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၆၁၈၃၇၇၊ ၆၁၈၃၈၈၊ Fax- ၆၁၈၃၂၂၊ e-mail : rammarcar@ goldenland. com.mm Website : www. rammarautomobile. com.mmသို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ဖျာပုံ ဇန်နဝါရီ ၂၁

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀ခုနှစ်အတွက် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁နာရီက အဖွဲ့ရုံး ဇော်ဂျီခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက်အောင်ဝင်း-ဖျာပုံ)က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ဒေါ်သူဇာနွယ်(သူဇာနွယ်-ဖျာပုံ)က အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူ၍ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။ (၁၆၈)

အမြင်သစ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် သာယာကုန်းကျေးရွာ အမြင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ကျေးရွာပြည်သူလူထုကိုယ်စား စာကြည့်တိုက် ကော်မတီဝင် ဦးအေးဆွေက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အမြင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်တင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ဖလမ်းမြို့ ငဆစ်ဗား ရေအားလျှပ်စစ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ရမ်ထလို ကျေးရွာအုပ်စုရှိ ရမ်တလောင် စိုက်ပျိုးရေးခြံ၌ လက်ဖက်ကိုင်းဖြတ်စိုက်ပျိုးဖြစ်ထွန်းမှုနှင့် လက်ဖက်မျိုးများ စမ်းသပ်စိုက်ပျိုး ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၆ ရက်တွင် ဟားခါးမြို့ နယ်မြေခံတပ်ရင်း ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် ပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ဆေးရုံအုပ်ကြီးထံပေးအပ်သည်။

ဆက်လက်၍ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၌ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ ချင်းပြည်နယ် လက်ဖက်ပြခန်း၊ ဟားခါးမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောဘုတ် လက်ဖက်စိုက်ခင်း၊ ဒေသခံတစ်ဦး၏ နွားနောက်ခြံအတွင်း နွားနောက်များ မွေးမြူထားရှိမှု၊ ဈေးဟောင်းရပ်ကွက်ရှိ တော်လှန်ရေးရေကန် ပြုပြင်တည်ဆောက်နေမှုနှင့် ဟားခါး-ဂန့်ဂေါ လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ မစ်ရှင်အဖွဲ့ခေါင်းဆောင် Ms. Meral Karasulu ဦးဆောင်၍ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အရှေ့တောင်အာရှ မဲပေးအုပ်စု အမှုဆောင်ဒါရိုက်တာရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေမစ်ရှင်အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေမစ်ရှင်အဖွဲ့ ခေါင်းဆောင် Ms. Meral Karasulu ဦးဆောင်၍ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အရှေ့တောင်အာရှမဲပေးအုပ်စု အမှုဆောင် ဒါရိုက်တာရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလော/အေးသာယာစက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

ကလော/အေးသာယာ စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်တိုဘာလတွင် ကလောမြို့၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား တစုတဝေးတည်း တည်းခိုစားသောက်ရေး စီစဉ်ထားကြောင်း၊ ထို့အပြင် အမှတ်တရ မဂ္ဂဇင်းအား ထုတ်ဝေမည်ဖြစ်သဖြင့် နှစ်သက်ရာ စာမူများကို မတ် ၃၁ ရက်နောက်ဆုံးထား၍ ရေးသားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အာစရိယပူဇော်ပွဲနှင့်မဂ္ဂဇင်းအတွက် ဆက်သွယ်လိုပါက ရန်ကုန်မြို့ ဦးညွှန့်လွင် ဖုန်း-၀၉-၅၁၆၈၉၃၅၊ မန္တလေးမြို့ ဦးမြင့်နိုင် (ကော်ပီ မန္တလာ) ဖုန်း-၀၉-၅၀၀၁၅၉၂၊ နေပြည်တော် ဦးယဉ်ထွေးမင်း ဖုန်း -၀၉-၈၆၂၁၇၅၉ နှင့် ၀၆၇-၂၅၅၇၉ နှင့် ကလောမြို့ ဦးထွန်းကျော် (မင်းသီဟ) ဖုန်း-၀၈၁-၅၀၂၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

Automobile & Autoparts Expo 2011 ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

K Future Co., Ltd. သည် Automobile & Autoparts Expo 2011 ပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို Rammar Manufacturing & Trading Co., Ltd. ဥက္ကဋ္ဌ ဦးသန်းထွန်း၊ The First Automotive Co., Ltd. ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်၊ K Future Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကောင်းကျော်ဆွေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ပြပွဲတွင် ပြည်တွင်းမှ မော်တော်ယာဉ်အမျိုးမျိုး၊ ကားအလှိုင်းနှင့် တာယာအမျိုးမျိုး၊ ကားကျွတ်ခွေအမျိုးမျိုး၊ ကားအလှဆင် ပစ္စည်းအမျိုးမျိုး၊ GPS System နှင့် နည်းပညာအမျိုးမျိုး၊ ကားမှုတ်ဆေးအမျိုးမျိုး၊ ကားဘက်ထရီအမျိုးမျိုး၊ စက်သုံးဆီနှင့်ချောဆီအမျိုးမျိုး၊ C N G နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကား Audio နှင့် အခြားဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ ပါဝင်ပြသလျက်ရှိသည့်အပြင် ရွှေပြည်သာစက်မှုဇုန်တွင် ထုတ်လုပ်သော RAMMAR CHARIOT MICRO BUS များ၊ JOYOUS JOURNEY Express (JJ Express) ၏ Higer ခရီးဝေးသွားယာဉ် ကြည်နူးပျော်ရွှင်ခရီးစဉ်များ၊ ပျဉ်းမပင်စက်မှုဇုန် The First Automotive Co., Ltd. ၏ ISUZU ယာဉ်များနှင့် Treasure Palace International Trading Co., Ltd.(Zonda Group Limited) ၏ Zonda ကုန်းနှင့်ရေနှစ်မျိုးသုံးနိုင်သော ယာဉ်နှင့်ယာဉ်အမျိုးမျိုး၊ ခရီးဝေးသွားယာဉ် အမျိုးမျိုးတို့ကို ပစ္စည်းတန်ဖိုးအရစ်ကျပေးချေမှု အစီအစဉ်များဖြင့် ခင်းကျင်းပြသရောင်းချမည်ဖြစ်သည့်အတွက် ပြပွဲကျင်းပနေသည့် ဇန်နဝါရီ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ၂၀၁၁ ခုနှစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က လှိုင်သာယာစက်မှုဇုန် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အား/ကာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး **(အပေါ်ပုံ)** တက်ရောက်အမှာစကားပြောကြားသည်။

ပထမဆုံးပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် လှိုင်သာယာမြို့နယ် ဌာနဆိုင်ရာများ ဘောလုံးအသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီသရေကျသွားကြကြောင်း သိရသည်။ (၄၉)

Automobile & Autoparts Expo 2011 ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လမ်းဘေး ဝါးယာပန်းအလှပင်များစိုက်ပျိုးနေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ဂုဏ်ပြုငွေပေးအပ်ပွဲနှင့် ဂုဏ်ထူးရ အဖွဲ့ဝင်သားသမီးများအား ချီးမြှင့်ငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်နှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုငွေပေးအပ်ပွဲနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အဖွဲ့ဝင်သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး နဒီမြစ်ခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြတ်လွင် (ငြိမ်း)နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသက်(၇၅)နှစ်အထက် အဖွဲ့ဝင် ၂၂ ဦးတို့အား ဂုဏ်ပြုငွေများ ပေးအပ်ပြီး ဂုဏ်ထူးရ ကျောင်းသားကိုးဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆားလင်းကြီးအထက ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ပန်းမြတ်သဇင်ခန်းမ၌ ဇန်နဝါရီ ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ပညာရေးစုံညီပွဲတော်၏ အနှစ်သာရများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

စာအုပ်စာပေ လှူဒါန်းပါ (hmm)

ဒေသဆိုင်ရာစီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေး အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

ကိုင်ရို ဇန်နဝါရီ ၂၁

အာရပ်နိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်အပန်းဖြေစခန်း၌ ကျင်းပခဲ့ကြောင်း၊ ယင်းထိပ်သီးညီလာခံ၌ ဒေသဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၉ရက်က ဖွင့်လှစ်လိုက်သော အာရပ်နိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ဘုရင်များ၊သမ္မတများ၊ မင်းသားများနှင့် သံအမတ်ကြီးများ တက်ရောက်ကြသည်။

အာရပ်ကမ္ဘာဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသဆိုင်ရာနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့ဖြစ်မှုပြဿနာများ လျော့ပါးသက်သာရေး ဆောင်ရွက်ရန် သဘောတူညီကြသည်။

ကုန်းလမ်း၊ ရေလမ်းနှင့် ရထားလမ်းများအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ကြရန်လည်းကောင်း၊ အာရပ်နိုင်ငံများအတွင်း ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းကွန်ရက် တည်ဆောက်ကြရန်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ကူဝိတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်နှစ်က ကျင်းပခဲ့သော ပထမအကြိမ် အာရပ်ထိပ်သီးဆွေးနွေးပွဲ၌ လက်မှတ်ရေးထိုးခဲ့သော ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေကိုလည်း သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အာရပ်နိုင်ငံများ၏ ဒေသဆိုင်ရာ နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍လည်း အာရပ်ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။ **အင်တာနက်။**

အာရပ်ထိပ်သီးဆွေးနွေးပွဲ ကျင်းပချိန်အတွင်း အီဂျစ်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘလက်ဝါးတားတည်ထောင်သူ ဆိုမာလီတပ်ဖွဲ့များကို လျှို့ဝှက်လေ့ကျင့်ပေးနေ

နိုင်ရိုဘီ(ကင်ညာ) ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် ပုဂ္ဂလိက အမေရိကန်လုံခြုံရေးတပ်များကို အသုံးပြုခြင်းနှင့်အတူ နာမည်ကြီးထင်ရှားလာသော ဘလက်ဝါးတားကုမ္ပဏီတည်ထောင်သူ အီးရစ် ပရင့်စ်သည် ဥပဒေမဲ့နေသည့် ဆိုမာလီနိုင်ငံမှတပ်ဖွဲ့များကို တိတ်တဆိတ်အကူအညီပေးနေသည်ဟု ကြာသပတေးနေ့ အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အာဖရိကကမ်းခြေတစ်လျှောက်တွင် သောင်းကျန်းနေသည့် ပင်လယ်ဓားပြများကို နှိမ်နင်းချေမှုန်းရန် ဆိုမာလီတပ်သားသစ် ၂၀၀၀ ဖွဲ့စည်းရေးအတွက် ယူအေအီးနိုင်ငံ အပါအဝင် အာရပ်နိုင်ငံအချို့က ထောက်ပံ့သည့် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျမည့် အစီအစဉ်တွင် ပရင့်စ်က ပါဝင်လျက်ရှိသည်ဟု ယင်းစီမံချက်နှင့် နီးစပ်သူတစ်ဦး၏ ပြောကြားချက်အရလည်းကောင်း၊ ထောက်လှမ်းရေးအစီရင်ခံစာတစ်စောင်အရလည်းကောင်း အေပီက ရေးသားခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံးနေရာဌာနအချို့၌ ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့များကို မည်သို့အသုံးပြုကြမည်နည်းဟု ဆွေးနွေးကြစဉ် ဆိုမာလီပြဿနာ၌ ပရင့်စ်အမည်မှာ ပြန်ပေါ်လာခဲ့သည်။ **အေပီ။**

ရုရှားတွင် ရဟတ်ယာဉ်ပျက်ကျ တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရ

မော်စကို ဇန်နဝါရီ ၂၁

ရုရှားနိုင်ငံ လီနင်ဂရက်ဒေသတွင် ဇန်နဝါရီ ၂၀ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လူတစ်ဦးသေဆုံးကာ နှစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီက ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် အေအက်စ်-၃၅ အမျိုးအစားဖြစ်ပြီး ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုက ပိုင်ဆိုင်ကာ လီနင်ဂရက်ဒေသ ပဂိုင်အိုဇောစကီးခရိုင်ရှိ ရေကန်တစ်ခုအတွင်းသို့ ပျက်ကျကြောင်း သတင်းတွင် ဖော်ပြသည်။

ဗာလန်းစ်ကျွန်းမှ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းလာသော ၎င်းရဟတ်ယာဉ်သည် ရေခဲနေသည့် ရေကန်အတွင်းမှာ ရှိနေဆဲဖြစ်ပြီး ဒဏ်ရာရရှိသူများကို စိန့်ပီတာစဘတ်စ်ဆေးရုံသို့ တင်ပို့သည်။

ပျက်ကျသောရဟတ်ယာဉ်ပေါ်တွင် လူခြောက်ဦး စီးနင်းလိုက်ပါလာသည်ဟု ကနဦးရရှိချက်သတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်တွင် မာဖီးယားဂိုဏ်းဝင် ၁၂၇ ဦးကို ဖမ်းဆီး

နယူးယောက် ဇန်နဝါရီ ၂၁

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းပြည်နယ်သုံးခုမှ လူဆိုးဂိုဏ်းဝင်များဟု နာမည်ကြီးသူများကို အက်ဖ်ဘီအိုင်က ဖမ်းဆီးခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။ မာဖီးယားဂိုဏ်းများကို ပြင်းထန်စွာ ထိုးနှက်ချက်ဖြစ်သည်ဟုဆိုသည်။

အဓိက မာဖီးယားမိသားစုများတွင် အရေးပါသည့် ထိပ်တန်းအဖွဲ့ဝင်များပါဝင်သော လူဆိုးဂိုဏ်းဝင်များကို နယူးယောက်၊ နယူးဂျာဆီနှင့် ရိုဒီအိုင်လန်ပြည်နယ်တို့၌ ဖမ်းဆီးခဲ့သည်ဟု အမေရိကန်ရှေ့နေချုပ် အီရစ်ဟိုလ်ဒါက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

နယူးယောက်အခြေစိုက် မာဖီးယားမိသားစုများဖြစ်ကြသည့် ဘိုနန်နို၊ ကိုလန်ဘို၊ ဂမ်ဘီနို၊ ဂျီနိုဗီစီနှင့် လူချီစီတို့မှ တရားခံများအပါအဝင် လာကိုဆာနော့စထရာမိသားစုများက တရားခံများကို တရားစွဲဆိုထားသည်။

ဖမ်းထားသူများကို လူသတ်မှု၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊ ခြိမ်းခြောက်၍ ငွေညှစ်မှု၊ တရားမဝင် လောင်းကစားမှု၊ မီးရှို့မှု၊ ချေးငွေအတိုးကြီးစားမှုနှင့် အခြားသော ရာဇဝတ်မှုများဖြင့် စွဲချက်တင်ထားသည်။ ၎င်းတို့ကို ထောင်ဒဏ်တစ်သက် ချမှတ်နိုင်သည်ဟုဆိုသည်။ **ဆင်ဟွာ။**

နယူးဇီလန်၌ သောင်တင်နေသော ဝေလငါး ၂၄ကောင် သေဆုံး

ဝယ်လင်တန် ဇန်နဝါရီ ၂၁

နယူးဇီလန်နိုင်ငံ လမုတောရွှံ့ညွန်အတွင်း သောင်တင်နေသော ရေကြောင်းပြဝေလငါး ၂၄ ကောင် သေဆုံးခဲ့ကြောင်း သောကြာနေ့ အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ဝေလငါး ၁၀ကောင်မှာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း၊ ရာသီဥတုအခြေအနေမကောင်းခြင်းနှင့် ဒီရေတက်ချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းတို့ကြောင့် ပင်လယ်ထဲသို့ ပြန်လွှတ်ရန်ခက်ခဲသဖြင့် ကျန်ဝေလငါးများကို ညင်သာစွာ ဇီဝိန်ခြွေပေးခဲ့ရကြောင်း နယ်မြေထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ မန်နေဂျာက ပြောကြားခဲ့သည်။ နယူးဇီလန်မြောက်ပိုင်းကျွန်းပါရန်ဂါရန်ဂါကမ်းခြေ ရေတိမ်ရွှံ့ညွန်များအတွင်း ဝေလငါးများ ပိတ်မိနေခြင်းဖြစ်သည်။ **အေပီ။**

ပါကစ္စတန်နိုင်ငံတွင် ရေနံကုမ္ပဏီယာဉ်တန်းကို စစ်သွေးကြွများတိုက်ခိုက်၊ ခြောက်ဦးသေဆုံး

ပက်ရှ်ဝါ ဇန်နဝါရီ ၂၁

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည့် ဒေသတွင် နိုင်ငံခြားရေနံကုမ္ပဏီတစ်ခု၏ ယာဉ်တန်းကို တာလီဘန်တို့ကိုထောက်ခံသော စစ်သွေးကြွများက ချောင်းမြောင်းတိုက်ခိုက်ရာ ခြောက်ဦးထက်မနည်းသေဆုံးပြီး နှစ်ဦးကို ဖမ်းဆီးသွားကြောင်း သတင်းတွင်ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မျိုးနွယ်စုတို့၏ နယ်မြေအတွင်း စစ်သွေးကြွများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၀ ရက်က ကိုဟက်ခရိုင်အနီးရှိ ဟန်ဂေရီယန်းရေနံအုပ်စု(အမ်အိုအယ်လ်အီး)၏ ပို့ဆောင်ရေးယာဉ်တန်းကို ပစ်မှတ်ထား၍ စစ်သွေးကြွ ၁၂ ဦးခန့်က တိုက်ခိုက်ခြင်းဖြစ်သည်။

တိုက်ခိုက်ရေးသမားများက တာဝန်ရှိသူနှစ်ဦးကို သတ်ဖြတ်၍ နှစ်ဦးကိုဖမ်းဆီးကာ အသင့်စောင့်ဆိုင်းနေသောကားဖြင့် မောင်းနှင်ထွက်ပြေးသွားသည်။

ယာဉ်တန်းတွင် အစောင့်အဖြစ် လိုက်ပါလာသော ပါကစ္စတန်တပ်ဖွဲ့ဝင်လေးဦးလည်း သေဆုံးသွားသည်။

နယ်ခြားစောင့်အရန်တပ်ဖွဲ့မှ ယာဉ်တန်းကို အစောင့်အကြပ်အဖြစ် လိုက်ပါလာသူလေးဦးနှင့်အတူ ကုမ္ပဏီမှ တာဝန်ရှိသူနှစ်ဦး သေဆုံးကြောင်း ရေနံကုမ္ပဏီမှ ပြောခွင့်ရပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် တာလီဘန်တို့ကို ထောက်ခံသော စစ် သွေးကြွများ၏လက်ချက်ဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက အခိုင်အမာပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်ကိုရီးယားသင်္ဘောနှင့် သင်္ဘောသားများကို ပင်လယ်ဓားပြများလက်မှ ကယ်တင်နိုင်

ဆိုးလ် ဇန်နဝါရီ ၂၁

တောင်ကိုရီးယားစစ်ဘက်က ၎င်း၏အထူးတပ်ဖွဲ့ဝင်များသည် အာရေဗျပင်လယ်အတွင်း ပြန်ပေးဆွဲခံခဲ့ရသည့် ကုန်သင်္ဘောနှင့် သင်္ဘောသားများကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းသင်္ဘောကို ဖမ်းဆီးခဲ့သည့် ပင်လယ်ဓားပြ ရှစ်ဦး သေဆုံးကြောင်း သောကြာနေ့တွင် ပြောကြားသည်။

စစ်သင်္ဘောနစ်မြုပ်ခြင်းခံရမှုနှင့် မြောက်ကိုရီးယား၏ အမြောက်ဖြင့်ပစ်ခတ်ခံရမှုတို့အပေါ် တုံ့ပြန်မှုနှင့်စပ်လျဉ်း၍ ဝေဖန်ခြင်းခံရသည့် သမ္မတလီမြောင်ဘတ်က ပင်လယ်ဓားပြတို့အပေါ်ထားရှိသည့် တောင်ကိုရီးယားအစိုးရ၏ တင်းမာသောသဘောထားကို အတည်ပြုပြောကြားသည်။

အနာဂတ်ကာလတွင် ၎င်းတို့ပြည်သူများ၏ ဘေးအန္တရာယ်နှင့် အသက်ကိုခြိမ်းခြောက်လာသည့် မည်သည့် အပြုအမူမျိုးကိုမဆို သည်းခံလိမ့်မည်မဟုတ်ကြောင်း သမ္မတ လီ၏ ပြောဆိုချက်ကို ကြေညာချက်တွင် ဖော်ပြထားသည်။

ပြန်ပေးဆွဲခံထားရသည့် "ရှမ်ဟိုဂျေဝဲလ်ရီ"သင်္ဘောပေါ်မှ သင်္ဘောသား ၂၁ဦးကို တောင်ကိုရီးယားရေတပ်၏ အထူးတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။ သင်္ဘောသားများမှာ တောင်ကိုရီးယားနိုင်ငံသားရှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား နှစ်ဦးနှင့် မြန်မာ ၁၁ဦးပါဝင်သည်။ ယင်းစစ်ဆင်ရေးတွင် ပင်လယ်ဓားပြရှစ်ဦး သေဆုံး၍ ငါးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။

စစ်ဆင်ရေးဆင်နွှဲ

သီရိလင်္ကာနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ခုတ်မောင်းနေသော တန်ချိန် ၁၁၅၀၀ ရှိသည့် ယင်းသင်္ဘောကို ပင်လယ်ဓားပြများက ဖမ်းဆီးပြီးနောက် တစ်ပတ်အကြာတွင် ကယ်ဆယ်ရန် စစ်ဆင်ရေးဆင်နွှဲခြင်းဖြစ်သည်။ စစ်ဆင်ရေးဆောင်ရွက်ချိန်တွင် လွန်ခဲ့သည့်စနေနေ့က ဖမ်းဆီးခြင်းခံရသည့်သင်္ဘောသည် ဆိုမာလီနိုင်ငံ၏ အရှေ့မြောက်ဘက်ကမ်းခြေမှ မိုင် ၈၀၀ ခန့်အကွာတွင်ရှိနေသည်ဟု ရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး လီဗျောင်ဝူးကပြောသည်။ **အင်တာနက်။**

သင်္ဘောသားကယ်ဆယ်ရေးစစ်ဆင်ရေးအတွင်း တောင်ကိုရီးယား အထူးတပ်ဖွဲ့ဝင်တစ်ဦး၏ လှုပ်ရှားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်ဝန်ကြီးဌာန သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ လေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပသည့် Basic LPG Handling and Safety Training Course သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ၊ Universal Energy ကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ Universal Energy ကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ သင်တန်းသား ၆၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကာ ရေနံဓာတ်ငွေ့ရည် (LPG) ထုတ်လုပ်ပုံနည်းစဉ်များ၊ LPG ၏ သဘောသဘာဝနှင့် ဂုဏ်သတ္တိများ၊ LPG ကြောင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ ယင်းဘေးအန္တရာယ် မကျရောက်စေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ရန် နည်းလမ်းများနှင့် အသုံးပြုရမည့် မီးသတ်ပစ္စည်းများအကြောင်း စသည့်သင်ခန်းစာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၏ Basic LPG Handling and Safety Training Course သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသားကိုယ်စားလှယ်တစ်ဦး အား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်စဉ်။ (စွမ်းအင်)

အထက(၂) ပျဉ်းမနား မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများက သက်ပြည့် အငြိမ်းစား ယူပြီးကြသော ဆရာကြီး၊ ဆရာမကြီးများအား ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပျဉ်းမနား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးစောမြင့်ကို ဖုန်း-၀၉-၄၉၂၀၃၁၆၆၊ ဦးကျော်ဝင်း (ဘာဏုရာဇာ) ဖုန်း-၀၆၇-၂၁၁၀၆၊ ဦးစိုးတင့် (စိုးလျှပ်စစ်) ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးကြည်ဝေ(ပွဲရုံ) ဖုန်း-၀၉-၅၁၃၂၅၂၆၊ ဒေါ်မြင့်မြင့်ကြည် (ကောင်းလိုက်ရွှေဆိုင်) ဖုန်း-၀၆၇-၂၁၆၂၇နှင့် ဦးသိန်းဝင်း (အောင်သရဖူ) ဖုန်း-၀၉-၄၉၂၀၀၃၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက(၃)အလုံမြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ယင်းကျောင်းခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး အလယ်တန်းကျောင်းအဆင့် ကျောင်း ကျန်းမာရေးစံပြပထမဆုရရှိသော အလက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ပုလဲခင်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဆုချီးမြှင့်စဉ်။ (၆၃)

တောင်သူများ မြွေကိုက်ခံရသည့်အန္တရာယ်မှ ကင်းဝေးစေရေး သာစည်မြို့နယ်၌ အခမဲ့ မြွေဆေးထောက်ပံ့ကူညီပေးသွားမည်

သာစည် ဇန်နဝါရီ ၂၁

သာစည်မြို့နယ် မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်း ဖွဲ့စည်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီက သာစည်မြို့ အမှတ်(၄) မြို့မ ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်းအဖွဲ့ကို ဖွဲ့စည်းကြပြီး ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပရာ ရန်ကုန်သုဝဏ္ဏမွန်ကျောင်းဆရာတော် (သာစည်)မှ လှူဒါန်းငွေကျပ် ၂၀၀၀၀၀ အပါအဝင် အလှူရှင် ၉၅ ဦးတို့မှ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၉၄၂၆၅၀ ကို အလှူရှင်များကိုယ်စား သိရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးချိုက ပေးအပ်လှူဒါန်းရာ မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်းအဖွဲ့အတွင်းရေးမှူး ရွှေနဂါးပွဲရုံပိုင်ရှင် ဦးဘဇံက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားသည်။

သာစည်မြို့နယ်အနေဖြင့် ယခုကဲ့သို့ မြွေဆိပ်ဖြေဆေး ဖောင်ဒေးရှင်းဖွဲ့စည်းရခြင်းမှာ ကျေးလက်တောရွာများမှ တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် မြွေကိုက်ခံရပါက အသက်ဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သော မြွေဆိပ်ဖြေဆေးကို မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်းမှ လူမျိုးဘာသာမရွေး အခမဲ့ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၂၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၃၀ ၈။ "ညှော်မယ်ဗျို့"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၀ ၅။ Yan Can Cook
၁၂း၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၉)**
၁း၁၀ ၇။ **"မဟော်သဓာ" (အပိုင်း-၁၆) (အားသစ်၊ ဗေလုဝ၊ ရော၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ ပပစိုးကြည်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)**
၁း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁း၅၅ ၉။ "မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး"
၂း၁၀ ၁၀။ သူရွှေသီရာတေးကဗျာ
၂း၃၀ ၁၁။ အတီးပြိုင်ပွဲ
၂း၅၀ ၁၂။ International News
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးဖျော်ဖြေတင်ဆက်မှုအစီအစဉ် (တီးကွက်ညွှန့်ပဒေသာ)
၅း၁၅ ၈။ International Science News
၅း၂၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၃)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၉)**
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ အစီအစဉ်ပြီး၏။

စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စုရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း တွေ့ရှိရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွမ်းကျင်သူများ သွားရောက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရောဂါမပြန့်ပွားရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု သဲချောင်းလက်သမားကျေးရွာရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါစူးစမ်းရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ ကျွမ်းကျင်သူများ သွားရောက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရောဂါမပြန့်ပွားရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အတွင်း သဲချောင်းလက်သမားကျေးရွာ၌ မွေးမြူထားသော ဥစားကြက်အချို့ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သိရှိခဲ့သဖြင့် ရခိုင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၂ ရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့နောက် သေဆုံးကြက်များမှ ဓာတ်ခွဲနမူနာပစ္စည်းများကို ယူဆောင်၍ ရန်ကုန်မြို့ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရာ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenze) ဖြစ်ကြောင်း တွေ့ရှိခဲ့သဖြင့် ရောဂါစူးစမ်းရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ တာဝန်ရှိသူများသွားရောက်၍ စစ်တွေခရိုင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ရောဂါဖြစ်ပွားသည့် ကြက်ခြံမှ တစ်ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများနှင့် နေအိမ်များ၌ မွေးမြူထားသော ဒေသကြက်၊ ဘဲ၊ ငှက်များအား သုတ်သင်ရှင်းလင်းပြီး မြေအနက်ခုနစ်ပေ တွင်းတူးကာ မြေမြှုပ်မီးရှို့ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိသည့် ကျေးရွာ၏ သုံးကီလိုမီတာပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ ကြက်၊ ဘဲ၊ ငှက်များနှင့် ကြက်ငှက်ထွက်ပစ္စည်းများ သယ်ယူရောင်းချမှုကို ရက်သတ္တသုံးပတ် ပိတ်ပင်တားဆီးထားကြောင်း၊ ရောဂါတွေ့ရှိသည့် ကြက်ခြံမှ မိသားစုနှင့် အလုပ်သမားခြောက်ဦးအား ကြက်ငှက် တုပ်ကွေးရောဂါ ကူးစက်ခံရမှု ရှိ မရှိ စမ်းသပ်စစ်ဆေးလျက်ရှိပြီး ယင်းကြက်ခြံအား ကန့်သတ်ဇရိယာအဖြစ် သတ်မှတ်ထားကြောင်း၊ ကြက်ခြံမှ အသုံးပြုသော ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကိုလည်း ပိုးသတ်ဆေးဖျန်းခြင်း၊ မြေမြှုပ် မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

Automobile & Autoparts Expo 2011 ပြပွဲ COTTO Sanitary Ware & Fittings ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ Automobile & Autoparts Expo 2011 ပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ COTTO Sanitary Ware & Fittings ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်း၌ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် COTTO အမှတ်တံဆိပ် ရေချိုးခန်းသုံးပစ္စည်းများ၊ ရေချိုးကန်၊ လက်ဆေးကြွေဇလုံ၊ ဘိုထိုင် ၊ ကြမ်းခင်းနှင့် နံရံခင်းကြွေပြားများကို ပြသထားပြီး ဝယ်ယူသူများအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိသည်။

အရောင်းပြခန်းများဖြစ်သည့် အမှတ်(၂၃၈) ပြည်လမ်း (မြေနီကုန်း) စမ်းချောင်းမြို့နယ် ဖုန်း-၅၂၄၆၀၉၊ အမှတ်(၁၄၃-၁၄၄-၁၄၅)ပြည်လမ်း (၁၀)မိုင်ကုန်းလေဆိပ် အနီး အင်းစိန်မြို့နယ် ဖုန်း-၆၆၀၄၁၇၊ အမှတ်(၁၈၆) ဝေဇယန္တာလမ်း (၁၆ကွေ့ အနီး) တောင်ဥက္ကလာပမြို့နယ် ဖုန်း-၅၇၁၄၆၅နှင့် အခန်း(၂) အဆောင် (၂၉) ကျောက်စိမ်း (၆)လမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၄၂၁၇၁ တို့ဖြစ်ပြီး ပိတ်ရက်မရှိ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

Automobile & Autoparts Expo 2011 ပြပွဲ၌ COTTO Sanitary Ware & Fittings ပြခန်း ပါဝင်ပြသစဉ်။

(သတင်းစဉ်)

Automobile & Autoparts Expo 2011 ပြပွဲကြီးကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ကားပြပွဲကြီး Automobile & Autoparts Expo 2011ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ Rammar Automobile Manufacturing & Trading Co., Ltd., The First Automotive Co., Ltd. နှင့် K Future Co., Ltd. တို့မှ တာဝန်ရှိသူများ၊ ပါဝင်ပြသကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Automobile & Autoparts Expo 2011 ပြပွဲခန်းမအတွင်း ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

(၉)ကြိမ်မြောက် ဘီစီအိုင်အမ်ဖိုရမ် အစည်းအဝေးမှ ဒုတိယဝန်ကြီး ဦးမောင်မြင့် ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျင်ကွမ်းရုံ၏ ဖိတ်ကြားချက်အရ ကူမင်းမြို့၌ ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (ဘီစီအိုင်အမ်ဖိုရမ်) သို့တက်ရောက်ရန် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့မှ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။

(၉)ကြိမ်မြောက် ဘီစီအိုင်အမ်ဖိုရမ် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျင်ကွမ်းရုံက ဖိုရမ်အစည်းအဝေးကို ဖွင့်လှစ်ပေးပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အပါအဝင် သက်ဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက အဖွင့်မိန့်ခွန်း ပြောကြားကြသည်။ ထို့နောက် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် ဘီစီအိုင်အမ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် (Joint Statement)ကို အဖွဲ့ဝင် လေးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြသည်။ ဘီစီအိုင်အမ် စီးပွားရေးလုပ်ငန်းကောင်စီ (BCIM Business Council) အဖွဲ့ဖွဲ့စည်းရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) ကို လက်မှတ်ရေးထိုးရန် ဆွေးနွေးညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပြီး ကနဦးအဆင့်အနေဖြင့် ဘီစီအိုင်အမ်စီးပွားရေးလုပ်ငန်းကောင်စီ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဖွဲ့ဝင် လေးနိုင်ငံမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေးလုပ်ငန်းကောင်စီဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် သဘောတူညီမှုရရှိခဲ့ပြီး မူကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ဘီစီအိုင်အမ် ပူးပေါင်းဆောင်ရွက်မှုဖိုရမ် သတင်းစာစောင် ထုတ်ဝေခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဘီစီအိုင်အမ် ကားပြိုင်ပွဲဆိုင်ရာ မှတ်တမ်းတို့ကိုလည်း ကိုယ်စားလှယ်အဖွဲ့များက လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘီစီအိုင်အမ်ဖိုရမ်အစည်းအဝေးအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ဘာသာရပ်ဆိုင်ရာ အဖွဲ့ငယ် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာ ခေါင်းဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတေဇအောင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် ဦးခွန်ခွန်နိုင်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးကျော်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ဘီစီအိုင်အမ်ဖိုရမ် အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သုတဘဏ် စာတမ်းဖတ်မည်

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလွှာမှ ကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ စာရေးဆရာမှော်ဝန်းကြည်မြတ်က"အဝေးရောက် မင်းကြီး ဦးအောင်ကြီး၏ ဘဝထုပ္ပတ်အကျဉ်းနှင့် စာပေ၊ကဗျာ၊ ဂီတ၊ အလင်္ကာ စာတမ်း"ကို ရတု၊ ရကန်၊ အဲ၊ အန်၊ တောလား၊ အိုင်ချင်းများ သရုပ်ပြသီဆိုမှုနှင့်တွဲဖက်၍ ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကော့သောင်း အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

ကော့သောင်း အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၅ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၅၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအားလုံး တက်ရောက်နိုင်ရေးအတွက် အသွားအပြန်ခရီး စီစဉ်ပေးနိုင်ရန် မတ် ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ကြရမည်ဖြစ်သည်။ ကျောင်းသားများအား ခုနှစ်ကန့်သတ်ခြင်းမရှိပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူများ အလှူငွေများပါဝင် လှူဒါန်းနိုင်ရန်နှင့် အပတ်စဉ်မွန်းလွဲ ၁ နာရီ(တနင်္ဂနွေနေ့)တွင် ကျင်းပသော အစည်းအဝေးသို့ တက်ရောက်အကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်အပ်ပါသည်။ လှူဒါန်းလိုသူများ ဦးမောင်သောင်း-ဒေါ်ခင်အေးမြင့်(ဇာနာ) ရန်ကုန် ဖုန်း-၀၉-၅၀၁၁၅၇၅၊ ဒေါ်ကေသွယ်လှိုင်(တူးတူး)ရန်ကုန် ဖုန်း-၀၉-၅၀၀၉၃၀၅၊ ဦးခင်မောင်အေး (အလှသစ်စတိုး) ထားဝယ် ဖုန်း-၀၉-၈၇၄၀၆၂၃၊ ဦးအုန်းမြင့် (ထူးထူးတိုး ကုမ္ပဏီ၊ မြိတ်) ဖုန်း-၀၉-၈၇၆၀၉၃၇၊ ဦးကျော်ကျော်(ခ) ကျော်တင့် မြိတ် ဖုန်း-၀၉-၈၇၆၀၂၀၇၊ ဦးဘိုဘိုအောင် ဖုန်း-၀၉-၅၆၄၅၁၂၉၊ ဦးရဲထွေး ဖုန်း-၀၉-၄၉၈၇၁၅၂၅၊ ဦးကျော်သူ ဖုန်း-၀၉-၈၇၈၀၁၃၇၊ ၀၅၉-၅၁၄၇၉၊ ယာယီရုံးခန်း(၁၅) ဗိုလ်ချုပ်လမ်း ပိတောက်ရွှေဝါ ဖုန်း-၀၅၉-၅၁၉၃၅၊ ဦးမျိုးအောင် ဖုန်း-၀၅၉-၅၁၇၆၅၊ ဒေါ်ကေသီရှိန် (ပြန်ဆက်) ဖုန်း-၀၅၉-၅၁၀၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သယ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ပညာနေခြည်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါစန်း ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မမြတ်အိန္ဒြာကျော်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (၅၀၆)

လက်ခံ

တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်၊ မီဒီယာပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အလှူရှင်တစ်ဦး၏ လှူဒါန်းမှုကို မြို့နယ်ဦးစီးမှူး ဦးသက်ဦး လက်ခံစဉ်။

(မြို့နယ်ပြန်/ဆက်)

ဥတုရာသီ တောကိုမီး၏

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ကြီးနှင့် ဗဟိုအလုပ်အမှုဆောင်များက ဆွေးနွေးတင်ပြကြပြီး ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းလျက် ချီတက်နေချိန်တွင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း အချင်းချင်းပြဿနာများရှိနေခြင်း၊ ၎င်းတို့၏ လုပ်ရပ်များအပေါ်တွင် ၎င်းတို့ကိုယ်တိုင် ယုံကြည်မှု မရှိခြင်းနှင့် ၎င်းတို့၏ မှားယွင်းသည့် လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာသဖြင့် ဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက်လျက်ရှိသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ ဇန်နဝါရီ ၁၉ ရက်တွင် KNU အကြမ်းဖက်သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ စောချမ့်ကျေး ဦးစီးအင်အား ခုနစ်ဦးသည် လက်နက်မျိုးစုံ ခုနစ်လက်၊ ကျည်မျိုးစုံ ၁၀၅၀၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သူ ခုနစ်ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အတွင်း၌လည်း အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျောင်းကုန်း-ကိုင်းတာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် ကိုင်းတာကျေးရွာဥက္ကဋ္ဌ ဦးဇော်လင်းထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ ပျိုးဥယျာဉ် ပျိုးထောင်ထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ

ရေခဲတင်ယာဉ်များကြောင့် လမ်းပိတ်ဆို့

စာတည်းခင်ဗျား-

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၆)လမ်း၊ ဘုရားကိုင်ချောင်းနံဘေးရှိရေခဲကြိတ်စက်တစ်ခုမှကား၊ ထော်လာဂျီ၊ဘေးတွဲဆိုင်ကယ်၊ ဆိုက်ကားများသည် အများသုံးလမ်းအား ယာဉ်ကြောပြောင်းပြန်ရပ်၍ ရေခဲအတင်အချ ပြုလုပ်နေခြင်း၊ ဘုရားကိုင်ချောင်းအတွင်း ရေခဲလက်ခံသော လှေများသည်လည်း ရေလမ်းကြောင်းပိတ်ဆို့လျက်ရှိနေခြင်းတို့ကြောင့် မော်တော်ယာဉ်နှင့် ရေယာဉ်များသွားလာမှုအဆင်ပြေစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြိတ်သား

ရွာသစ်ချောင်းလမ်းထိပ် ယမကာဆိုင်ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ရွာသစ်ချောင်းလမ်းထိပ် လူသွားစင်္ကြံပေါ်တွင် နေ့စဉ်ညနေပိုင်းမှ ညဉ့်နက်ပိုင်းအထိ အရက်ဆိုင်ဖွင့် ရောင်းချလျက်ရှိရာ မူးယစ်သောက်စားသူများကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ လူသွားစင်္ကြံပေါ်တွင် အရက်ရောင်းချနေခြင်းကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

မုန့်ဖုတ်ညှော်နံ့နံ့ ဆူညံ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်တွင် မုန့်ဖုတ်လုပ်ငန်းတစ်ခု နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ မုန့်ဖုတ်သည့်ညှော်နံ့နှင့်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပြီး ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

တိုက်လှေကားဆိုင်ဖွင့် သွားလာရေးခက်

စာတည်းရှင့်-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ တိုက်အမှတ်(၂၄၀)လှေကားတွင် အမိုးကာရံပိတ်ဆို့ပြီး ဈေးဆိုင်ဆောက်လုပ်ရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်နေသူများမှာ အသွားအလာခက်ခဲပြီး စိတ်အနှောင့်အယှက်ဖြစ်နေကြရပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသူ

အသားကင်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁)၊ အင်းစိန်လမ်းမဘေး တိုက်ခန်း၏ ဘေးပတ်ပတ်လည်တွင် အကြော်ကြော်ခြင်း၊ အသားကင် ရောင်းချခြင်းတို့ကြောင့် ညှော်နံ့များ နံစော်သည့်အပြင် ပတ်ဝန်းကျင်ရှိဆိုင်များမှ အညစ်အကြေးစွန့်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ရပ်ကွက်သားများ

ကားသွားတံတားတည်ဆောက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပီမိုးနင်းလမ်းမ (၅ထိပ်)ပေါ်တွင် စူလတန်ချောင်းကိုဖြတ်၍ ယာယီသစ်သားတံတားတည်ဆောက်ထားရာ အဆိုပါတံတားကို အမှတ်(၁)နှင့် အမှတ်(၁၅) ရပ်ကွက်တို့မှ ပြည်သူများ ဖြတ်သန်းသွားလာနေကြရပါသည်။

သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးနေပြီဖြစ်၍ အန္တရာယ်ကင်းရှင်းစွာလွယ်လွယ်ကူကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် ခိုင်ခံ့သောယာဉ်သွားတံတားသစ်တည်ဆောက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

အမှိုက်ပုံရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ စက်မှုလက်မှု (၃)လမ်း၊ မီးရထားသံလမ်းအနီး၌အမှိုက်ပုံကြီးရှိရာ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ၎င်းအမှိုက်ပုံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကျောက်ကြိတ်ခွဲစက် ရှင်းလင်းပြီးစီး

၂၄-၁-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာမှ **ကျောက်ကြိတ်ခွဲစက်ကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ကုန်တင်ကားဝင်ထွက်၊ စည်းကမ်းမဲ့နွားမွေးမြူရှင်းလင်းပြီးစီး

၈-၈-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဖျာပုံမြို့မှ **ကုန်တင်ကားများဝင်ထွက်မှုတားဆီးပေးပါ**ပေးစာနှင့် ၂၈-၈-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ (၉)ရပ်ကွက်မှ **စည်းကမ်းမဲ့နွားမွေးမြူမှုစိစစ်ပေးပါ**ပေးစာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ခွေးလေခွေးလွင့် ရှင်းလင်းဆောင်ရွက်ပြီး

၂၈-၈-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြိတ်မြို့ ကန်ကြီးရပ်ကွက်နှင့် ထားဝယ်စုရပ်ကွက်စပ်ကြားမှ **ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေချင်**ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

❖ မြန်မာနိုင်ငံ၌ ဆိုလာစွမ်းအင်မှ
စာကြည့်နေသည့် ကလေးငယ်များ၊ ဆိုလာစွမ်းအင်ဖြင့် ရုပ်မြင်သံကြား ကြည့်ရှုရင်း တစ်နေ့တာပင်ပန်း နွမ်းနယ်မှုကို ဖြေဖျောက်နေကြသူများ၊ အိမ်မှုကိစ္စ ဆောင်ရွက်နေကြသူများကို မြင်တွေ့ရသည်။

ရွာသာယာရွာကျေးရွာတွင် နေစွမ်းအင်သုံး ဓာတ်အားပေးစနစ်တပ်ဆင်မှုကို ၂၀၁၀ ခုနှစ် စက်တင်ဘာလ၌ စတင်ခဲ့ပြီး ၂၀၁၀ခုနှစ် အောက်တိုဘာလ နောက်ဆုံးသီတင်းပတ်ကုန်၌ တပ်ဆင်မှုအားလုံးပြီးခဲ့ရာမှ နေစွမ်းအင်ဖြင့် တစ်ရွာလုံး မီးလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီရွာသာယာရွာရဲ့ အဓိကလမ်းလေးလမ်းမှာ ဆိုလာမီးတိုင် ၁၅ တိုင်

ဝိုင်ယာကြိုးနှင့် ဆက်စပ်ပစ္စည်းများပါဝင်သည့် ဆိုလာစွမ်းအင်သုံးပစ္စည်းတစ်စုံစီ တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။ နေအိမ်တစ်လုံးစီတွင် တစ်နေ့ငါးနာရီနေရောင်ခြည်ရရှိလျှင် မီးသီးခြောက်လုံးကို တစ်ပြိုင်တည်းဖွင့်ပြီး ရှစ်နာရီကြာမျှ မီးအလင်းရောင် လင်းထိန်စွာ ပေးနိုင်ကြောင်း သိရသည်။ သို့သော် အိမ်တစ်အိမ်တွင် မီးတစ်လုံးတည်း သုံးထားသည်နှင့်ပင် ထိန်ထိန်လင်းလျက်ရှိရာ ညလုံးပေါက် မီးအလင်းရောင် သုံးစွဲနိုင်လေသည်။

ရုပ်မြင်သံကြား၊ ကက်ဆက်နှင့် ရေဒီယိုများကိုလည်း နေအိမ်တိုင်းတွင် ဆိုလာစွမ်းအင်အသုံးပြုပြီး ကြည့်ရှုနားဆင်နိုင်ကြပြီဖြစ်ရာ ရွာသာယာရွာ

ကြည့်ရှုနေကြသူများ၊ ရွာလယ်လမ်းမများပေါ်တွင် နေစွမ်းအင်သုံး မီးအလင်းရောင်ဖြင့် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေကြသည့် ကလေးငယ်များ၊ စာကျက်နေကြသည့် ကျောင်းသူ၊ ကျောင်းသားလေးများ၏ တက်ကြွစိတ်ပါစွာ ရွတ်ဆိုနေသည့် စာကျက်သံများကား နေစွမ်းအင်ဖြင့် မီးအရောင်လင်းထိန်ကာ ငြိမ်းချမ်းနေသော ရွာဦးဘုန်းတော်ကြီးကျောင်းလေး။ ကျောင်းအသွင်အပြင်နှင့် ပေါင်းစည်းလိုက်လျှင် ရွာသာယာ၏ ဂုဏ်သရေမှာ အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။

"ကျွန်တော်တို့ရွာအတွက် တကယ့်ကို အိပ်မက်ပါပဲ။ ဒီလို နေစွမ်းအင်နဲ့ မီးလင်းလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။ အခုတော့ဗျာ. . . ကျွန်တော်တို့ အိမ်မှာရော တစ်ရွာလုံးပါမကျန် လမ်းတွေတောင် မီးတွေလင်းလို့ ဘယ်လောက်ကောင်းလိုက်သလဲ။ ဒီလိုဖြစ်အောင် ဆောင်ရွက်ပေးကြတဲ့ ပုဂ္ဂိုလ်တွေကို နေ့တိုင်းကျေးဇူးတင်နေပါတယ်"ဟု ရွာသာယာရွာတွင် နှစ်ပေါင်း ၅၀ ကျော်ကြာ နေထိုင်လာခဲ့သည့် အသက် (၇၃) နှစ်အရွယ် တောင်သူဦးစိန်မော်က သတင်းအဖွဲ့သို့ ဝမ်းပန်းတသာ ပြောပြသည်ကိုလည်း ကြားခဲ့ရသည်။ ယခင်က ဖယောင်းတိုင်၊ ရေနံဆီမီးအိမ်များဖြင့် အလင်းရောင်အားနည်းစွာ နေထိုင်ဖြတ်သန်းခဲ့ရသော ညကာလများနှင့် လွန်စွာ ကွာခြားခဲ့လေပြီ။ ခလုတ်တစ်ချက်နှိပ်လိုက်ရုံဖြင့် တောက်ပဝင်းထိန်သော မီးအလင်းရောင်က တစ်အိမ်လုံး ဖြာကျစေခဲ့ပြီ မဟုတ်ပါလော။

တစ်ဖန် ရွာသာယာရွာမြောက်ပိုင်းတွင် နေထိုင်သူ အသက် (၇၄) နှစ်အရွယ် အဘွား ဒေါ်ခင်အုန်းကလည်း "အဘွားက ဒီရွာမှာမွေးပြီး ဒီရွာပဲ တစ်သက်လုံးနေထိုင်ခဲ့တာပါ။ အရင်တုန်းကဆိုရင် ညဘက်မှာ မီးခွက်၊ မီးအိမ်တွေနဲ့ နေခဲ့ရပြီး အိမ်ရှေ့ရွာလမ်းပေါ်တောင် အဆိပ်ရှိသတ္တဝါတွေ ရန်ကြောက်လို့ ညပိုင်းမှာ ရဲရဲမထွက်ခဲ့ရပါဘူး။ အခုဆိုရင် ဆိုလာမီးအလင်းရောင်နဲ့ စိတ်တိုင်းကျ သွားလာလို့ရနေပါပြီ။ အိမ်တိုင်းလည်း

နေရောင်ခြည်အကောင်းဆုံးရရှိရာ အိမ်ခေါင်မိုးပေါ်တွင် ဆိုလာပြားများ တပ်ဆင်နေစဉ်။

မီးလင်းလို့ ဝမ်းသာစရာကောင်းလိုက်တာ၊ တစ်ရွာလုံးကို ပျော်နေကြတာပေါ့" ဟု ဝမ်းသာအားရဖြင့် သတင်းအဖွဲ့အား ပြောပြသည်မှာ မျက်ရည်များပင် ရစ်ဝဲ၍နေသည်။

ထို့နောက် ကျောင်းသားလေးများဖြစ်ကြသည့် အသက် (၁၃) နှစ်အရွယ် သတ္တမတန်း ကျောင်းသားနှစ်ဦးဖြစ်သော မောင်ညီညီထွန်းနှင့် မောင်ဝင်းနောင်တို့ကလည်း "သားတို့တော့ ညတိုင်း ဆိုလာမီးနဲ့ စိတ်တိုင်းကျ

ဆိုလာမီးနဲ့ စိတ်တိုင်းကျ စာကျက်နေပြီ။

စာကျက်လို့ရနေပြီမို့ အရင်လို ညီမလေးနဲ့ မီးခွက်လုပြီး စာကျက်စရာ မလိုတော့ပါဘူး။ ကျောင်းသင်ခန်းစာတွေ ကောင်းကောင်း လေ့လာနိုင်နေပါပြီ။ ရုပ်မြင်သံကြားလည်း ကြည့်လို့ရတော့ အရမ်းပျော်စရာ ကောင်းပါတယ်။ သားတို့ရွာကို အခုလို မီးအလင်းရောင်ရအောင် ဆောင်ရွက်ပေးတဲ့ ဘဘတို့ကို ကျေးဇူး အရမ်းတင်နေရပါတယ်"ဟု ဝမ်းသာပျော်ရွှင်စွာ ပြောပြသည်ကိုလည်း သတင်းအဖွဲ့ ပီတိဖြစ်ဖွယ် ကြားသိခဲ့ရသည်။

ရွာသာယာရွာ၏ အဓိကလမ်းများတွင် ဤသို့သော ဆိုလာမီးတိုင်များကို တပ်ဆင်ပေးထားသည်။

စိုက်ထူပေးထားပါတယ်။ နေအိမ်တိုင်းအတွက် အိမ်ခေါင်မိုးတွေနဲ့ မိမိအိမ်ရဲ့နေရောင် အကောင်းဆုံးရရှိနိုင်တဲ့ နေရာတွေမှာ ဆိုလာပြားတွေ တပ်ဆင်ပေးထားပါတယ်။ မီးတိုင်တစ်တိုင်မှာ ၈၅ ဝပ်အား ဆိုလာပြားတစ်ချပ် တပ်ဆင်ပေးထားသလို နေအိမ်တွေမှာ ဝပ် ၄၀ အား ဆိုလာပြားတွေ တပ်ဆင်ပေးထားပါတယ်။ နေအိမ်တစ်အိမ်ချင်းစီမှာ ၅ Watt အား မီးချောင်းကွေး ခြောက်လုံးစီ အသုံးပြုတပ်ဆင်ပေးထားသလို မီးတိုင်တစ်တိုင်ချင်းစီမှာ High Power LED ၂၅ ဝပ်အား မီးသီးတစ်လုံးစီ တပ်ဆင်ပေးထားပါတယ်" ဟု ရွာသာယာရွာတစ်ရွာလုံး နေစွမ်းအင်သုံး မီးလင်းရေးအတွက် တပ်ဆင်ပေးခဲ့သည့် ERES ကုမ္ပဏီမှ အင်ဂျင်နီယာပိုင်းဆိုင်ရာ မန်နေဂျာ ဦးအောင်ကျော်သူက သတင်းအဖွဲ့အား ရှင်းပြသည်။

ရွာသာယာရွာရှိ နေအိမ်တိုင်းတွင် နေစွမ်းအင်ရရှိရန် ဆိုလာပြားတစ်ပြား၊ ဆိုလာစွမ်းအင်ထိန်းချုပ် အားသွင်းစနစ်၊ DC မှ AC သို့ ပြောင်းသည့်စနစ်၊ 12 V 70 AH ဘက်ထရီတစ်လုံး၊ 5 Watt မီးချောင်းကွေးခြောက်လုံး၊

တစ်ရွာလုံး၏ လူနေမှုဘဝ အဆင့်မြင့်မားလျက်ရှိနေသည်ကို မြင်တွေ့ရသဖြင့် အံ့သြဝမ်းသာပီတိဖြာခဲ့ရသည်။ အိမ်တိုင်းမီးလင်းပြီး ရုပ်မြင်သံကြား

လောင်စာစွမ်းအင်အစားထိုး နေစွမ်းအင်မှ လျှပ်စစ်ထုတ်ယူသည့် ဆိုလာပြားများကို တွေ့ရစဉ်။



ရွာသာယာကျေးရွာရှိ ဆိုလာစွမ်းအင်သုံးမီးတိုင်များမှာ အမြင့် ၁၈ ပေရှိပြီး စတီးတိုင်များဖြစ်သည်။ မီးတိုင်တစ်တိုင်၏ မီးလင်းအားမှာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ အကျယ်အဝန်းအထိ မီးထိန်ထိန်လင်းလျက်ရှိသည်။ ဓာတ်အားထိန်းသိမ်းမှုအဖြစ် အလိုအလျောက် အဖွင့်အပိတ် ယူနစ်တစ်ခုတပ်ဆင်ထားသည်ကိုတွေ့ရသည်။ မီးတိုင်တစ်တိုင်စီတွင် 12V 100 AH ဘက်ထရီတစ်လုံးစီ တပ်ဆင်ပေးထားသည်။ ရွာလမ်းများ၏ အနေအထားအရ မီးတိုင်များကို စိုက်ထူပေးထားသည်ကို မြင်တွေ့ခဲ့ရသည်။ လမ်းမီးတိုင်များတွင် တပ်ဆင်ထားသော မီးလုံးများမှာ တစ်ရက်လျှင် ၁၀ နာရီ အသုံးပြုလျှင် ၁၀ နှစ်ခန့်ကြာအောင် အသုံးပြုနိုင်ကြောင်း သိရသည်။

အိမ်တိုင်းတွင် ဆိုလာစွမ်းအင်ဖြင့် မီးအလင်းရောင် ရရှိခံစားနိုင်ပြီဖြစ်သော်လည်း ဆိုလာစွမ်းအင်သုံးခြင်းကြောင့် နေ့စဉ် အလုပ်မရှုပ်ချေ။ မည်သည့် ဆောင်ရွက်မှုမျှ လုပ်ကိုင်ပေးစရာလည်း မလိုပေ။ နေရောင်ခံဆိုလာပြားကို ဖုန်မှုန့်များ ထူထပ်စွာ မကပ်ငြိစေရန် သီတင်းတစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် တစ်လလျှင် နှစ်ကြိမ်ခန့်သာ ဖုန်သုတ်ပေးရန်သာ လိုသည်။ ဖုန်မကပ်ပါက သုတ်ပေးစရာပင် မလိုချေ။ ဖုန်ထူထပ်စွာ ကပ်နေပါက နေရောင်စွမ်းအင်ကို အပြည့်အဝ မစုပ်နိုင်မည်စိုးသောကြောင့်ပင် ဖြစ်သည်။ မည်မျှ အလုပ်သက်သာလိုက်သနည်း။သို့သော် စနစ်တကျ ထိန်းသိမ်းသုံးစွဲသင့်တာတော့ အမှန်ပင်။

နေစွမ်းအင် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို အမှတ်(၂) စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့ တောင်ဒဂုံ စက်မှုဇုန်တွင် စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်တော့မည်ဖြစ်သည်။ ဝမ်းသာစရာပင်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု မဖြစ်စေသည့်အပြင် ရေရှည်၌ ကုန်ကျစရိတ်သက်သာသည့် ဆိုလာစွမ်းအင်သုံးစွဲမှု နိုင်ငံတစ်ဝန်းတွင်ကျယ်လာချိန်နှင့် အချိန်ကိုက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရွာလုံးကျွတ် နေစွမ်းအင်အသုံးပြု မီးလင်းနေပြီဖြစ်သော ရွာသာယာရွာကား တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူစရာ၊ စံပြဖြစ်စရာ အပြင် ဝမ်းသာပီတိဖြစ်စရာ ကောင်းလှသည့် ကျေးရွာဖြစ်သလို တစ်ရွာလုံးကလည်း နှစ်ထောင်းအားရ ပျော်ရွှင်ကြည်နူးလျက် ရှိနေပါကြောင်း။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၃)
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ဖော့တီအိုဗာဖီးလ် (လူမင်း၊ ထွန်းအိန္ဒြာဗို၊ ဇူးမြတ်ထက်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
၁း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၃၄)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၇။ ကုန်သွယ်သုတ
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၄၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၅ ၁၁။ ပျော်ရွှင်စရာတေးကဗျာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ လူ့ရွှင်တော်စတား
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၉) (ဇာတ်သိမ်း)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၂၁)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်းအား JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation, Vice President Mr. Li Hon Gyuan နှင့် အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မည့် နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့ ကချင်ပြည်နယ်အတွင်းရှိ နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်းအား JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွာခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation, Vice President Mr. Li Hon Gyuan နှင့် အဖွဲ့ဝင်များ၊ Yunnan Yunneng Power Engineering Co., Ltd., Chairman Mr. Wang Junchang နှင့် အဖွဲ့ဝင်များ၊ Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားပြီး China Guodian Corporation, Vice President က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ China Guodian Corporation, Vice President Mr. Li Hon Gyuan နှင့် Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသော အခမ်းအနားသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်ခန့်အကွာရှိ နမ့်တဘက်မြစ်ပေါ်၌ အကောင်အထည်ဖော် တည်ဆောက်မည့် နမ့်တဘက် ရေအားလျှပ်စစ် စီမံကိန်းအား JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဦးချိုထွန်းအောင်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးချိုထွန်းအောင်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ကျောဖုံးမှ

လူ ၇၃၀၀၀ ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သောကြာနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

ယူးယန်း၊ ယောင်ကျို့၊ ဟန်ယန်း၊ ဟွိုင်းဟွာနှင့် အခြားဒေသများတွင် ဓာတ်အားပြတ်တောက်မှုကြောင့် ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးစခန်း ၂၇၈၂ ခုနှင့် မိုလ်ဘိုင်းဖုန်းသုံးစွဲသူ ၈၉၀၀၀ ခန့်တို့ အဆက်အသွယ်ပြတ်တောက်နေသည်။

ချုံချင်းမြူနီစီပါယ်ဒေသတွင် လူဦးရေ ၃၅၇၀၀၀ တို့မှာ ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရပြီး အအေးဒဏ်ပြင်းထန်မှုကြောင့် ရေပိုက်လိုင်း ၄၄၈ ကီလိုမီတာခန့် ပျက်စီးခဲ့ရသည်။

အမျိုးသားမိုးလေဝသဌာန၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် လာမည့်သုံးရက်အတွင်း မိုးသီးကြွေမှုများနှင့် ဆီးနှင်းကျဆင်းမှုများကို ထပ်မံကြုံတွေ့နိုင်ကြောင်း သိရသည်။

ဘေးဒုက္ခကျရောက်နေသော ဒေသများမှ ဒေသဆိုင်ရာအာဏာပိုင်များက ဘေးဒဏ်သင့်မှုများထံသို့ ကယ်ဆယ်ရေးပစ္စည်းများပေးပို့ခဲ့ပြီး လမ်းများပေါ်မှ ရေခဲများကို ဖယ်ရှားလျက်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးတိုက်နယ်ဆေးရုံတွင် ဇန်နဝါရီ ၇ ရက်က အလှူရှင် ဦးကျော်စိန်-ဒေါ်ဌေးဌေးမြင့်(အောင်မြင့်ကြည်ရွှေဆိုင်) နန္ဒဝန်ဈေး တောင်ဥက္ကလာပ ရန်ကုန်မြို့မှ ငွေကျပ် နှစ်သိန်းငါးသောင်းတန်ဖိုးရှိ ချွဲစုပ်စက်ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ(ကြီးကြပ်ကော်မတီ) ဦးစိုးမြင့်၊ တိုက်နယ်ဆရာဝန်ဒေါက်တာ မျိုးကျော်အောင်တို့ ဆေးရုံကြီးကြပ်ကော်မတီနှင့် ရပ်မိရပ်ဖများနှင့် အတူ လက်ခံယူစဉ်။ (ကြေးမုံ)

လက်တွေ့အသုံးချ လက်လီအရောင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

WISE International School For Executives မှ Certificate in Customer Service & Retail Selling Skills အမည်ရှိ လက်လီရောင်းချခြင်း (Retailing) ဆိုင်ရာသင်တန်းကို ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေး ငွေကျပ် ၅၀၀၀၀ ဖြစ်သည်။ Member Program အသင်းဝင်များအား အထူးအစီအစဉ်အဖြစ် သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် လက်တွေ့အသုံးချ လက်လီရောင်းချခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊ လက်လီရောင်းချမှု လုပ်ငန်းခွင်တစ်ခုလုံး အခြေခံစီမံခန့်ခွဲမှုနည်းစနစ်များ၊ လက်လီရောင်းချမှုဆိုင်ရာဈေးနှုန်း သဘောတရားများနှင့် တွက်ချက်မှုပုံစံများစသည့်လက်လီလုပ်ငန်းကြီးတစ်ခုလုံး၏ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုကိစ္စကို လုပ်ငန်းခွင်၌ ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ မြန်မာနိုင်ငံရှိ ခေတ်မီ Super Market ကြီးများ၊ Hyper Market ကြီးများ၊ Convenience Store များ၊ စတိုးဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ မီနီစတိုးဆိုင်များတွင် လက်ရှိ တာဝန်ထမ်းဆောင်လုပ်ကိုင်လျက်ရှိသော အုပ်ချုပ်မှုအဆင့်များနှင့် အခြေခံဝန်ထမ်းများ၊ အဝယ်တော်များ (Purchaser)၊ ကိုယ်ပိုင်ဆိုင် စတင်ဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိသူများ၊ နိုင်ငံတကာရှိ Super Market များတွင် သွားရောက် အလုပ်လုပ်ကိုင်မည့်သူများနှင့် Customer Service & Retail Selling Skill ကို အခြေခံမှစ၍ စိတ်ပါဝင်စားစွာ လေ့လာလိုသောသူများနှင့် Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM, Marketing Manager, Project Manager, Research & Development Manager၊ စီးပွားရေး စတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင့်သည်။

Member Program တွင် အသင်းဝင်လိုသူများ၊ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် WISE International School For Executives အခန်းအမှတ်(၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုး သတိပြု

ကြီးကြပ်ဆောင်ရွက်

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရီတို့ဦးဆောင်၍ မီးသတ်ကားဖြင့် အရေးပေါ်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရွှေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(၅၄၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊
ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ “သစ္စာသိဖို့လှူဒါန်းတာပါ”
တရားတော်
(ဆရာတော်အရှင်ပုညာနန္ဒ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“လောကဝက်ပါ”(အပိုင်း-၁၄၃)
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“အရိပ်စစ်” (အပိုင်း-၁၁၀)
၈း၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ
အကြိုရင်ခုန်သံများ
၉း၀၀ Activities In The City
[(၆၃) နှစ်မြောက်လွတ်လပ်ရေးနေ့
အထိမ်းအမှတ်တာဝေးပြေးပြိုင်ပွဲ)]
၉း၁၀ ကေသီပန်တိုင်းရင်းဆေးဝါး
စက်ရုံသစ်ဖွင့်လှစ်ခြင်းအခမ်းအနား
၉း၂၀ ထာဝစဉ်ထင်ကျန်နေမည့်
ပုလဲရတုအခမ်းအနားတစ်ခု
၉း၃၅ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀ အမ်ပီယာပြည့်ဝတောက်ပစေမည့်
အလင်းရောင်တို့အား ပေးစွမ်း
နိုင်သော TOYOBATTERY
၁၀း၂၀ အရွယ်မရွေးလှပစေဖို့
၁၀း၄၅ သွားမယ်စားမယ်
(Main Restaurant)
၁၁း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ
“နယူးမော်ဒယ်(လ်)ရုပ်ရှင်
ဇာတ်ကားပရိုမိုးရှင်းအခမ်းအနား”
၁၁း၂၅ ပန်းချီပြခန်း
(၂၀၁၀-၂၀၁၁ ပညာသင်နှစ်
စတုတ္ထအကြိမ်မြောက် အထက(၂)
ကမာရွတ် မျိုးဆက်သစ်
ကျောင်းသား၊ ကျောင်းသူများ၏
ပန်းချီပြပွဲ)
၁၁း၄၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သဏ္ဍာလှိုင်နှင့်တွေ့ဆုံခြင်း)
၁၂း၀၅ ဓနုဖြူမြို့ရဲ့ အထက ကျောင်း
မြတ်ဆရာကန်တော့ပွဲ
၁၂း၂၅ The Champion of Dance
၁း၀၀ “သစ္စာသိဖို့လှူဒါန်းတာပါ”
တရားတော်
(ဆရာတော်အရှင်ပုညာနန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
(ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏
မင်္ဂလာညစာစားပွဲအခမ်းအနား)
၂း၅၀ ရတနာချစ်သူများအတွက်. . .
New Star
၃း၀၀ ၂၀၀၉ ခုနှစ် အကယ်ဒမီစင်မြင့်
ထက်မှ ဖက်ရှင်များ
၃း၂၅ ဟိုတယ်လမ်းညွှန်
(Hotel Ayeyarwady ဖွင့်ပွဲ)
၃း၄၀ 2011 MNL ပြိုင်ပွဲဝင်
ရက္ခပူရ Utd F.C
(ရခိုင်ပြည်နယ်ကိုယ်စားပြု)
၃း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“အရိပ်စစ်”
(အပိုင်း-၁၁၀)
၄း၄၅ (၁၉၇၁-၇၅ ခုနှစ် သချာင်္ဘွဲ့ရ
ကျောင်းသား၊ ကျောင်းသူဟောင်း
များ၏အာစရိယပူဇော်ပွဲ)
၅း၀၀ Sports Diary
၅း၃၅ ရန်ကုန်မြင်ကွင်းကျယ်
(ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏
မင်္ဂလာညစာစားပွဲအခမ်းအနား)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk
(ဒါရိုက်တာကြည်စိုးထွန်း၊
ဦးကြည်စိုး) (အပိုင်း-၇)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“လောကဝက်ပါ”
(အပိုင်း-၁၄၄)
၇း၂၀ ဖက်ရှင်လမ်းညွှန်
(Aroma ရဲ့ 2011 Wedding
Dress)
၇း၄၅ ယုံကြည်ချက်များနဲ့အတူ
၈း၀၀ MRTV-4 သတင်း
၈း၃၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ
အကြိုပြင်ဆင်နေမှုများ
၈း၅၅ Special Forecast
၉း၂၅ Barclays premier league
(Arsenal Vs Wigan)
၁၁း၅၅ Barclays premier league
(Aston Villa Vs Man City)
၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
“ အရိပ်စစ်” (အပိုင်း-၁၁၁)
၂း၃၅ ရဲယိုနှင့်ကျန်းမာရေး
၂း၄၀ အသက်လေးရယ်တဲ့ရှည်စေလို
(ဦးအောင်လွင်၊ ဦးကြည်စိုး၊
ငှက်ပျောကြော်၊ ထင်ပေါ်၊
မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်)
(ဒါရိုက်တာ- ကြည်စိုး)
၂း၅၅ ပြည်နယ်ဂုဏ်ဆောင်
ငွေတောင်ဆည်
၃း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက်
ဖေးကူမွေးမြူတို့အတူ
(ကျောက်ငါးသုတေသန
သားဖောက်လုပ်ငန်း)
၃း၂၅ အရည်အသွေးပြည့်ဝသည့်
သာယာဝတီမြို့မှ စက်မှု(၁)၏
ကြွေပြားအလှ
၃း၄၀ World of Knowledge
(Chasing Earthquakes)
၄း၃၀ ထူးခြားဆန်းကြယ်သော
တောအုပ်ကလေး
၄း၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ
ဗုဒ္ဓရုပ်ပွားတော်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၁၀	Wolverhampton	-	Liverpool	ESPN (Live)
၉း၂၅	Man U	-	Birmingham	ESPN (Live)
	Arsenal	-	Wigan	STAR SPORTS(Live)
၁၁း၅၅	Aston Villa	-	Man City	ESPN (Live)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

အမ်းမရိတ်တွင် အာဆင်နယ်အမှတ်ပြည့် ရဖွယ်ရှိသည့် ပရီမီယာလိဂ်ပွဲစဉ် ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ကို ဇန်နဝါရီ ၂၂ ရက် (ယနေ့) ညနဲ့ ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ပထမအကျော့ အဝေးကွင်းမှာ အနိုင်မရခဲ့တဲ့ အာဆင်နယ်နဲ့ မန်ယူတို့ ယခုအိမ်ကွင်းမှာ ပြန်လည်အနိုင်ယူနိုင်မလားဆိုတာ စောင့်ကြည့်ကြရဦးမှာပါ။

အာဆင်နယ်-ဝီဂန်

တတိယနေရာက အာဆင်နယ်နဲ့ တန်းဆင်းဇုန်ထဲ ကျရောက်နေတဲ့ ဝီဂန်တို့ ပထမအကျော့က သရေကျထားပါတယ်။ လက်ရှိအချိန်မှာ ဒီနှစ်သင်းရဲ့ အနေအထားက အစစအရာရာ ကွာဟလွန်းနေပါပြီ။ အာဆင်နယ်ကွင်းလယ်မှာ နာဆရီအထူးခြေစွမ်း ပြနေသလို ဝီရှိုင်းယားကလည်း ဖာဘရီဂက်စ်တို့နဲ့တွဲဖက်ပြီး ခံစစ်နဲ့တိုက်စစ်ကို မျှတစွာ ကစားပေးနိုင်ပါတယ်။ ဝီဂန်ခံကစားအားကောင်းပေမယ့် အမ်းမရိတ်မှာ အာဆင်နယ်ကို အန်တုဖို့ဆိုတာ အိပ်မက်မျှသာဖြစ်လာမယ် ထင်ပါတယ်။

အာဆင်နယ် ကွင်းလယ်တွင် ခြေစွမ်းပြနေသည့် နာဆရီ။

မန်ယူ-ဘာမင်ဂမ်

ပထမအကျော့က တစ်ဂိုးစီသရေကျပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့တဲ့ ဒီနှစ်သင်းဟာ ဒီတစ်ကြိမ်လည်း ပြိုင်ဆိုင်မှုပြင်းထန်လာဦးမှာပါ။ ဒါပေမယ့် ရှုံးပွဲမရှိသေးတဲ့ မန်ယူကို အဝေးကွင်းရောက်ရင် ခံစစ်ပိုင်းယိုင်နဲ့တတ်တဲ့ ဘာမင်ဂမ်ခြေရည်တူလိုက်ကစားဖို့က မဖြစ်နိုင်ပါဘူး။ မန်ယူ အမှတ်ပြည့်ရမယ့်ပွဲလို့ ယူဆရပါတယ်။

ဝင်းတင်(ကြေးမုံ)

ကာတာ ၂၀၂၂ ကမ္ဘာ့ဖလား ဆောင်းရာသီတွင် ကျင်းပမည်မဟုတ်ဟု ဖီဖာ အတည်ပြုပြောကြား

ဇူးရစ် ဇန်နဝါရီ ၂၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆောင်းရာသီတွင်ကျင်းပရန် မည်သည့်အစီအစဉ်မျှ မရှိကြောင်း အတည်ပြုပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားကျင်းပချိန် ကာတာနိုင်ငံ၏ ပူပြင်းသောနွေကာလကို ရှောင်ရှားနိုင်ရန် ပြိုင်ပွဲအား ဆောင်းကာလအတွင်း ကျင်းပဖြစ်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ကြားကာလပြိုင်ပွဲ

ထိုသတင်းများက ဥရောပရှိပြည်တွင်း လိဂ်ပြိုင်ပွဲများအတွက် စိုးရိမ်စရာအကြောင်း တစ်ရပ်ဖြစ်စေသည်။ ဆိုလိုသည်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ရာသီလယ်ပြိုင်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲများ၏ ဘောလုံးရာသီအတွင်း ကြားကာလတစ်ရပ် ဖြစ်သွားပေလိမ့်မည်။

သို့သော် ဖီဖာက ထိုဖြစ်ရပ်ကို ခွင့်ပြုရန်ဖြစ်လာပါက ကာတာအနေဖြင့် ကနဦးဆောင်ရွက်စရာရှိသည်များကို ပြုလုပ်ထားရမည်ဟု ပြောကြားထားသည်။

အစီအစဉ်မရှိ

"နိုင်ငံတကာ ဘောလုံးပြက္ခဒိန်ကို အပြောင်းအလဲလုပ်ဖို့သဘောတူခဲ့မှာတဲ့ အစီအစဉ်မရှိပါ"ဟု ဖီဖာ၏ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်။

ဘော်လ်တန်နှင့်ပွဲတွင် လမ်းပတ်ပါဝင်ကစားဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၂၁

ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်သည် လေ့ကျင့်ခန်းဆင်းနေစဉ်အတွင်း ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သော်လည်း လာမည့် အင်္ဂါနေ့နံနက်ပိုင်း ဘော်လ်တန်နှင့် အဝေးကွင်းပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားသည်ဟု ပြောကြားခဲ့သည်။

လမ်းပတ်သည် ကာလရှည်ကြာ ဒုက္ခပေးနေသော ပေါင်ခြံဒဏ်ရာပြဿနာကြောင့် ယခုနှစ် ဘောလုံးရာသီတွင် အရေးပါသော ပွဲစဉ်အချို့နှင့် လွဲခဲ့ရပြီး ပြီးခဲ့သည့် ဒီဇင်ဘာလ စပါးအသင်းနှင့် ပွဲစဉ်တွင်မှ ပြန်ကစားနိုင်ခဲ့သည်။ "လမ်းပတ်ရဲ့ အသေးစားဒဏ်ရာပြဿနာကို နောက်ရက်အနည်းငယ် စောင့်ကြည့်ရဦးမယ်"ဟု အသင်းတာဝန်ရှိသူတစ်ဦးက ဆိုထားသည်။

အသက် (၃၂)နှစ်ရှိ လမ်းပတ်သည် အသင်း၏ နောက်ဆုံးကစားခဲ့သော ခြောက်ပွဲတွင် ပွဲချိန်ပြည့် ကစားထားပြီး ဘော်လ်တန်နှင့် ပွဲတွင်ပါဝင်ကစားနိုင်ရန်မျှော်လင့်ရကြောင်း အသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အင်တာနက်။

စိုးတင့်နိုင်

ပွဲစဉ်(၂၄) ပွဲစဉ်များ

၂၂-၁-၂၀၁၁ (စနေနေ့)

ည ၇း၁၅ နာရီ

ဝုလ်ဗာဟမ်တန်-လီဗာပူး

ည ၉း၃၀ နာရီ

ဖူလ်ဟမ်-စပါး

မန်ယူ-ဘာမင်ဂမ်

ဘလက်ပူးလ်-ဆန်းဒါးလန်း

နယူးကာဆယ်-စပါး

အဲဗာတန်-ဝက်စ်ဟမ်း

အာဆင်နယ်-ဝီဂန်

ည ၁၂ နာရီ

ဗီလာ-မန်စီးတီး

၂၃-၁-၂၀၁၁ (တနင်္ဂနွေနေ့)

ည ၁၀း၃၀ နာရီ

ဘလက်ဘန်း-ဝက်စ်ဘရွန်း

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက် ၂း၃၀ နာရီ

ဘော်လ်တန်-ချယ်လ်ဆီး

ဩစတြေးလျအိုးပင်း ဖက်ဒရားနှင့် ရာရာပိုဗာ စတုတ္ထအဆင့်တက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၁

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပြိုင်ပွဲတွင် နာမည်ကြီးတင်းနစ်ကစားသမားများ ဖြစ်သည့် ရော်ဂျာဖက်ဒရားနှင့် မာရီယာရှာရာပိုဗာတို့ နိုင်ပွဲရပြီး စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

တစ်ဦးချင်းပွဲများ

စတုတ္ထအဆင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ရော်ဂျာဖက်ဒရားက ရော်ဘရီဒိုရာဖေးလ်နာဒယ်လ်ကတိုမစ်၊ ဂျိုကိုဗစ်က အယ်လ်မန်ဂရိုတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းတွင် ဝေါ့ဇ်နက်ကီက ဆီဗာစတိုဗာ၊ အဇာရန်ဂန်ကာကလီတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အင်တာနက်။

စတုတ္ထအဆင့်သို့ အလွယ်တကူ တက်ရောက်နိုင်ခဲ့သည့် ရော်ဂျာဖက်ဒရား။

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

ဂျပန်ကားကုမ္ပဏီများ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံလာသဖြင့် အင်ဂျင်နီယာကျောင်းသားများ အလုပ်အကိုင် အခွင့်အလမ်းပွင့်လန်း၊ ရန်ကုန်အထွေထွေဆေးရုံကြီးတွင် ဆေးရုံသစ် နှစ်ထပ်ခွဲအဆောင်တစ်ဆောင် တိုးချဲ့ဆောက်လုပ်၊ မြန်မာ-ကမ္ဘောဒီးယား တိုက်ရိုက်လေကြောင်း ပြေးဆွဲတော့မည်၊ ပြည်တွင်းလေကြောင်းလိုင်း Asian Wings ဖေဖော်ဝါရီလဆန်း ပျံသန်းမည်၊ FTTX စနစ်တပ်ထားလျှင် ဖုန်းတစ်လုံးနှင့် လိုရာအသုံးပြုနိုင်၊ ဒီရေတောထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာ ၃၆ ရွာသို့ SDF မှ ကန်ဒေါ်လာ ၅၀၀၀ စီပေးမည်၊ ဆရာဇင်ယော်နီ၏ ယနေ့ကံကောင်းချင်လျှင် ဆောင်ရမည့် နံပါတ်များ၊ ဆရာစံဇာဏီဘို၏ မွေးနေ့မှာ လှူရမည့်ပစ္စည်းများ၊ ဆရာဇဝန၏ စာနယ်ဇင်း အရေးအသားပညာ၊ ပထမဆုံး မြန်မာအမျိုးသမီးကာတွန်းပညာရှင်၊ ယခင်ကတော့ ထိုင်းကဝယ်ယူရသော်လည်း ယခုထိုင်းကို ပြန်တင်ပို့နေရသည့် မြန်မာ့ကုန်များ၊ တောင်ပိုင်းဆူဒန်ခေါင်းဆောင် ပြည်တွင်းစစ်ထပ်မဖြစ်ကြရန် ပြည်သူများကို မေတ္တာရပ်ခံ၊ သမ္မတဟူကျင်တောင် အမေရိကန်သွားသည့်ခရီးစဉ် ဆက်ဆံရေး ဘာပြောင်းလဲလာမလဲ၊ အသက် ၁၇ နှစ်အရွယ် အမေရိကန်မယ်ရရှိသူကလေး စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများနှင့်အတူ News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ ၆၊ အမှတ် ၂၈ ထွက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသီဟက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသော မရည်မွန်ဆွေအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက လောင်ချာဖြင့်ပစ်ခတ် မော်တော်ယာဉ်တစ်စီးထိမှန်ပြီး ခရီးသည်သုံးဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြု လုပ်ဆောင်လျက်ရှိရာ KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကြာအင်းဆိပ်ကြီးမြို့မှ ထွက်ခွာလာသော ကြာအင်းဆိပ်ကြီး-မုဒုံ ပြေးဆွဲသည့် ဆင်ဖြူတော်ယာဉ်လိုင်းမှ ဟိုင်းလတ်မော်တော်ယာဉ်တစ်စီးအား ၄၀ မမ လောင်ချာဖြင့် ပတ်ခတ်ခဲ့သည့်အတွက် ခရီးသည် အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရ လူနာများအား ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မိမိတို့တပ်မတော်က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း ယင်လုံသံဆန်ခါဖြင့် အသားငါးရောင်းချရှိမှု အခြေအနေအား အမှုဆောင်အရာရှိ ဦးကျော်သူ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် အနုတ်၄ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၂ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(၇၆)ခုအား ရောင်းချမည်ဖြစ်ပါသည်-(ပူးတွဲ)

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အရေအတွက်(ခု)
(က)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	၁
(ခ)	အမှတ်(၁)စက်မှုဝန်ကြီးဌာန	၂၁
(ဂ)	အမှတ်(၂)စက်မှုဝန်ကြီးဌာန	၇
(ဃ)	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၈
(င)	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	၈
(စ)	သမဝါယမဝန်ကြီးဌာန	၂
(ဆ)	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	၉
(ဇ)	ပြန်ကြားရေးဝန်ကြီးဌာန	၁၀
(ဈ)	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	၃
(ည)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	၁
(ဋ)	စွမ်းအင်ဝန်ကြီးဌာန	၁
(ဌ)	ဆောက်လုပ်ရေးဝန်ကြီးဌာန	၂
(ဍ)	ပြည်ထဲရေးဝန်ကြီးဌာန	၁
(ဎ)	ရွှေ့နေချုပ်ရုံး	၁
(ဏ)	စာရင်းစစ်ချုပ်ရုံး	၁
	စုစုပေါင်း	**၇၆**

၂။ **အဆိုပြုလွှာပုံစံရောင်းချမည့်နေ့ရက်နှင့်နေရာ** - ၂၁-၁-၂၀၁၁ရက်မှစ၍ ရုံးချိန်အတွင်း စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်။

၃။ **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၄။ **အဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၁ရက်နေ့ ၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၅။ စပေါ်ငွေ (PO Cheque) ပေးသွင်းရန်ကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၃၄၀၊ ၄၀၆၀၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	မြေဧရိယာ (ဧက)	မှတ်ချက်
	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(၁)ခု		
၁	အမှတ်(၂) ပျဉ်းမနားသကြားစက်ရုံ ပျဉ်းမနားမြို့နယ်၊ သနပ်ပင်ဆိပ်ကျေးရွာ	၈၉· ၆၇	
	အမှတ်(၁)စက်မှုဝန်ကြီးဌာန(၂၁)ခု		
၂	ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန(DCTT)၏ မြေနှင့်အဆောက်အအုံ အမှတ် ၆၅၁၊ ဒေါ်မြနုစ်လမ်း၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၈၉၆	
၃	သဃ်န်းကျွန်းအထည်စက်ရုံအမှတ်(၁၅)နှင့် ဆက်စပ်မြေကွက်၏ မြေနှင့်အဆောက်အအုံ အမှတ် ၂၀၊ ဦးဘဟန်လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၄၃၈	
၄	ဖိနပ်စက်ရုံအမှတ်(၁) စက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၇၅၆	
၅	ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၂)ဟောင်း၏ မြေနှင့်အဆောက်အအုံ အမှတ်(ဃ/၁၅၆)၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၁၇၈	
၆	ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲပိုင်မြေ(၁)ဧကနှင့် အဆောက်အအုံ [(ပေ ၈၀×ပေ ၄၀)စီရှိ သိုလှောင်ရုံ(၂)လုံး] အမှတ် ၅၂၃၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၀၀	
၇	မျက်နှာသုတ်ပဝါစက်ရုံအမှတ်(၂၃)ပိုင်မြေနှင့် အဆောက်အအုံ အမှတ် ၈၃၄၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး	၀· ၂၂၀	
၈	ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၁)(ဟောင်း)၏ မြေနှင့်အဆောက်အအုံ အမှတ်၁၅၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၀၈၄	
၉	အမှတ် ၇၄၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဘယ်ဘက်မြေညီထပ်အခန်း)	-	
၁၀	ဆပ်ပြာစက်ရုံအမှတ်(၃) ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၂· ၉၀၃၂	မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။
၁၁	ဝင်းသူဇာစားသောက်ကုန်လုပ်ငန်းစက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၂၈၀	မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။
၁၂	သားရေပစ္စည်းစက်ရုံ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၇၅၄	မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။
၁၃	ကျောက်ပြားစက်ရုံခွဲ (ကျောက်ဆည်) မုန့်ပေါင်းကျေးရွာအနီး၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၁၄· ၅၀	
၁၄	ကြွေထည်ပစ္စည်းစက်ရုံ(မော်လမြိုင်) ကျောက်တန်းလမ်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့	၁၂· ၆၉၅	
၁၅	ဆပ်ပြာစက်ရုံအမှတ်(၂)စက်ရုံခွဲ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၁၁၅၊ လွတ်လပ်ရေးလမ်း၊ ဝေဘူလရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၃၁၆	
၁၆	ဆီသန့်စက်ရုံ အမှတ် ၁၆၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄· ၉၉	
၁၇	မတ္တရာအုတ်စက်ရုံအမှတ်(၃) မန္တလေး-မိုးကုတ်လမ်း၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၁၃၃· ၉၅	
၁၈	အင်းစိန်စောင်စက်ရုံအမှတ်(၂၀) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁၅· ၇၁၁	
၁၉	ကုန်ထုတ်စက္ကူစက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဉ့်ငူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၅၅	
၂၀	ပြည်မြစန္ဒာအချိုရည်နှင့်ရေခဲစက်ရုံ အမှတ်(၁၈၁)၊ စစ်ကဲလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့	၁· ၆၁၀	
၂၁	မီးခြစ်စက်ရုံ (မန္တလေး) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅· ၇၉၀၁	
၂၂	အထည်စက်ရုံ၊ ရုံခွဲ(၄) အမှတ်(၃၁၅/၆၆၁)၊ မေဓာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၁၀၃	
	အမှတ်(၂)စက်မှုဝန်ကြီးဌာန(၇)ခု		
၂၃	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃) သိုလှောင်ရုံ(၁)လုံးနှင့် ရုံးအဆောက်အအုံ အမှတ် ၁၉၇၊ ဝေဘူလရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၄၁၃	
၂၄	လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၉၄၁	
၂၅	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၂) ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၃· ၉၈	
၂၆	အမှတ်(၂)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ကုန်ထုတ်ဌာနခွဲ(၂) (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၇၃၈	
၂၇	ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ(မလွန်) (စက်နှင့်စက်ကိရိယာပစ္စည်းသာ) မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး	-	
၂၈	လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ရေနံဓာတ်ငွေ့ရည်အိုးခွံထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၂၂၄	
၂၉	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ပင်မစက်ရုံ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၉၁	
	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၈)ခု		
၃၀	ပုသိမ်မြို့၊ ဝဲဒေါင့်ရပ်၊ ဘတ္တလာဝင်းအတွင်းရှိ မြေကွက်နှင့်သိုလှောင်ရုံ(၃)လုံး	၄· ၈၆၁	
၃၁	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်၊ မြေတိုင်းအမှတ် (၅-စီ)၊မြေကွက်အမှတ်(၂၁-ဘီ)ရှိ မြေနှင့်အဆောက်အအုံ	၁· ၄၃၀	
၃၂	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ပန်းတိမ်တန်းလမ်း အမှတ် ၅၅ရှိ(ပဆ-၁၄/၅၀၅၆)ဆိုင်ခန်း	-	
၃၃	ဆန်စက်အမှတ် ၅၅၄၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး	၄· ၆၉	
၃၄	ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေ(၂·၂၃)ဧကနှင့်၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၂· ၂၃	
၃၅	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ မြေ(၁·၅၂)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၁· ၅၂	
၃၆	ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေ(၁·၆၅၅)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၁)လုံး(မြေစိုက်-၃)	၁· ၆၅၅	
၃၇	ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဥယျာဉ်လမ်း၊ မြေ(၀·၇၀)ဧကရှိ သိုလှောင်ရုံ(၂)လုံး	၀· ၇၀	
	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(၈)ခု		
၃၈	အမှတ်(၄) ရေခဲစက်ရုံ(ရုံးအဆောက်အအုံ၊ သိုလှောင်ရုံ) (မြေနှင့်အဆောက်အအုံ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၁၁၆	
၃၉	အမှတ်(၆) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၁၄၉	
၄၀	အမှတ်(၇) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၅၀၂	
၄၁	ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ လုံးသာကျေးရွာရှိ လုံးသာအဆောက်အအုံ	၂· ၁၅	
၄၂	သာကေတစည်သွတ်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄· ၇၀	
၄၃	ငါးခြောက်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၅၁	
၄၄	ညောင်ရွှေအအေးခန်းရေခဲစက်ရုံ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်	၃· ၄၅	
၄၅	ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ သဖြူချိုင်အအေးခန်းနှင့်ရေခဲစက်ရုံ၊ ဆိပ်ခံဖောတံတား	၂၀· ၇၃	
	သမဝါယမဝန်ကြီးဌာန(၂)ခု		
၄၆	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၈၀ မြေညီထပ်အခန်း (ပဆ-၄၁၄၂/၄၁၉၂) (၂၅ပေ ×ပေ၆၀)	-	
၄၇	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၇၀ မြေညီထပ်အခန်း (ယာဘက်ခြမ်း)(ပဆ-၉၈၉၀)(၂၈ပေ×၅၅ပေ×၁၇ပေ)	-	
	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(၉)ခု		
၄၈	အရက်ဖြူဆိုင်အမှတ်(၁)၊ ပဲခူးလုပ်ငန်းခွဲ အမှတ် ၈၀၊ လမ်း၂၀၊ ဈေးပိုင်းရပ်၊ ပဲခူးတိုင်းဒေသကြီး	၀· ၀၃၄	
၄၉	မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ (၈၃×၈၄)လမ်းကြား၊ အကွက်အမှတ် ၅၉၈၊ အမှတ် ၂၅၇ရှိ မြေညီထပ်အခန်း(ပဆ-၉၈၇၅/၉၈၇၇)	-	
၅၀	အရက်ဖြူဆိုင်အမှတ်(၉)၊ ရန်ကုန်လုပ်ငန်းခွဲ အမှတ် ၂၀၀၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၀၇၂	
၅၁	အမှတ် ၅၉၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့ရှိ (၃)ထပ်တိုက်၏ မြေညီထပ်အခန်း (ပဆ-၁၁၉၃)	-	
၅၂	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၉၅/၉၆)(ပေ ၅၀× ပေ ၅၀) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ	၂၅၀၀ စ/ပေ	
၅၃	အရက်ဖြူဆိုင်အမှတ်(၁၁) အမှတ် ၁၂၄၊ ဝေဇယန္တာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အဆောက်အအုံနှင့်မြေနေရာ	၀· ၀၆၄	
၅၄	အရက်ဖြူဆိုင်အမှတ်(၁၀) မေတ္တာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂၉၄၀ စ/ပေ (၄၉'x၆၀')	
၅၅	အင်းလေးခေါင်တိုင်ဟိုတယ်(အင်းလေးရေပူစမ်းမပါ) ခေါင်တိုင်ကျေးရွာအုပ်စု၊ အင်းလေးကန်အနောက်ဘက်၊ ညောင်ရွှေမြို့နယ်	၂၀· ၉၃	
၅၆	Yangon Commercial Tower အမှတ်(၇၃/၇၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၀၆၉	
	ပြန်ကြားရေးဝန်ကြီးဌာန(၁၀)ခု		
၅၇	ရွှေရတနာရုပ်ရှင်ရုံ အမှတ်(၂၂၀/၁)၊အနော်ရထာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး	၄· ၃၄၆	
၅၈	ဝဇီရာ(၂)ရုပ်ရှင်ရုံ အမှတ် ၂၃၂၊ ညောင်တုန်းလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂· ၉၈၄	
၅၉	သီတာရုပ်ရှင်ရုံ အမှတ် ၁၇၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၂၄၃	
၆၀	ဆုထူးပန်ရုပ်ရှင်ရုံ အမှတ် ၃၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၁၇၉	
၆၁	ဘုရင့်ရုပ်ရှင်ရုံ အမှတ် ၃၂၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၁၉၅	
၆၂	ဧရာဝတီရုပ်ရှင်ရုံ အမှတ်(၂၈-က)၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀· ၂၁၆	
၆၃	မစိုးရိမ်ရုပ်ရှင်ရုံ လမ်း ၈၀၊ (၂၆×၂၇)လမ်းကြား၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၀· ၈၄၉	
၆၄	ပဒေသာရုပ်ရှင်ရုံ အမှတ် ၁၆၇၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁· ၄၈၅	
၆၅	မြို့မရုပ်ရှင်ရုံ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀· ၃၉၈	
၆၆	ဇေယျာသီရိရုပ်ရှင်ရုံ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀· ၇၄၄	
	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(၃)ခု		
၆၇	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၈၀၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၁၄/၅၀၂၇)	-	
၆၈	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂/၇၄)ရှိ မော်တော်ယာဉ်သိုလှောင်ရုံ၏ မြေ(၀·၁၃၄)ဧကနှင့် သိုလှောင်ရုံအဆောက်အအုံ	၀· ၁၃၄	
၆၉	မိတ္ထီလာမြို့၊ ဈေးအရှေ့ပတ်လမ်းပေါ်ရှိ မြေညီထပ်အလယ်ရှိအခန်းလေးခန်း (ပဆ-၉၉၇၅) (၄၂ပေ×၃၃ပေ×၁၆ပေ)	-	
	ရထားပို့ဆောင်ရေးဝန်ကြီးဌာန(၁)ခု		
၇၀	အမှတ်(၃၈၉/၃၉၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကြူလီယာဗလီဥပစာအဆောက်အအုံ(ပေ၆၀×၂၈ပေ×၁၈ပေ) (မြေမပါ)	-	
	စွမ်းအင်ဝန်ကြီးဌာန(၁)ခု		
၇၁	တာချီလိတ်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် ပါလှုံလမ်းထောင့်၊ ဗိုလ်တဲကုန်းရပ်၊ ဝမ်းကောင်းအုပ်စု၊ အကွက်အမှတ်(၆)ရှိ မြေနှင့်အဆောက်အအုံ	၀· ၆၁၉	
	ဆောက်လုပ်ရေးဝန်ကြီးဌာန(၂)ခု		
၇၂	အမှတ်(၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိမြေနှင့် အဆောက်အအုံ	၁· ၉၄၈	
၇၃	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၁၆ရှိ ပြည်သူ့အင်အားရုံးအဆောက်အအုံဟောင်း	၂၁၁၀၀ စ/ပေ	
	ပြည်ထဲရေးဝန်ကြီးဌာန(၁)ခု		
၇၄	အမှတ်(၁)၊ အင်းလျားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁· ၄၆၅	
	ရှေ့နေချုပ်ရုံး(၁)ခု		
၇၅	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၃/၄၇၅)၊ (ပဆ-၉၄၈၉) (ပေ၆၀×၁၈ပေ) မြေညီထပ်အခန်း	-	
	စာရင်းစစ်ချုပ်ရုံး(၁)ခု		
၇၆	ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ဘဏ်လမ်း။ အမှတ် ၅၀ရှိ ဒုတိယထပ်ဝဲဘက်ခြမ်းအခန်း(၁)ခန်း၊ (၃၇ပေ×ပေ၄၀×၁၅ပေ)	-	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ ပတ်သက်ပြီး အထူးဂရုပြု လေ့လာသင့်တဲ့အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ **သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်**ဆိုပြီး အပိုင်းကြီး (၅)ပိုင်းပါဝင်တယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဍာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ လေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က)ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ)မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဖြစ်တယ်။ အဲဒီထဲမှာ အပိုင်း(က)နှင့် (စ)မှမေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် (၃) နာရီ**ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ **၁၀၀** ဖြစ်တယ်။

အပိုင်း(က) ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်း(၃)ပုဒ်မေးထားပြီး နှစ်သက်ရာ **(၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုး**ဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကို ဖြေဆိုနိုင်တယ်။ **ဒီလိုပဲအပိုင်း(ဂ)၊(ဃ)၊(င)**တို့မှာလည်း(၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ်(၆၀) ပေးထားတယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ၁၀မှတ်နှင့်၁၄(ခ)အတွက်(၁၅)မှတ်ဆိုတော့ စုစုပေါင်းပေးမှတ် (၂၅)မှတ်ဖြစ်ပြီး ဓမ္မဓိဋ္ဌာန်လိုပဲ **မဖြေမနေရဖြစ်တယ်။**

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကိုမြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရပါမယ်။သီအိုရီအပိုင်းကိုလေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါ အချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်း ထက်ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာ မဟုတ်ကြောင်း သတိပြုရပါမယ်။

ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။

ဒါ့အပြင်ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ **ရူပပထဝီဝင်အပိုင်း**မှာ တည်နေရာ၊အကျယ်အဝန်း၊မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝ ပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။

သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။

လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်း တူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို **မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး** စသည်ဖြင့်မေးနိုင်တာကို သတိပြုပါ။

ဆက်လက်ပြီး ပို့ချမှာကတော့ **လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံ** အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကို ဖြေရမယ်။ **၁၄(ခ)မှာတော့ ကွန်တိုမြေပုံ**ကို လေ့လာ ဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာ လေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့် ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာ လည်း နှစ်စကတည်းက ကွန်တိုပုံများများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတ ရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှအကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ- **(၁) စာစကေး (ဝါ) စာတန်းစကေး၊** (ဥပမာ- တစ်လက်မလျှင်တစ်မိုင်) **(၂) အချိုးစကေး (ဝါ) အပိုင်းစကေး** (ဥပမာ- ၁ း ၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့် **(၃) ပုံပြ စကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးဆိုတာကတော့ မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျမျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြခြင်းဖြစ်တယ်။ အဓိကအားဖြင့် စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေး ဆိုပြီး နှစ်မျိုးရှိတယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဆိုပြီး နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်" ကို သတိပြုရန်လိုအပ်တယ်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်တဲ့အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေးတို့ကို အရင်ဆုံး ယူနစ်ပြောင်းလဲပေးရမယ်။ ဒါ့ကြောင့် တစ်မိုင်မှာ ၆၃၃၆၀ လက်မ(သို့မဟုတ်) ၅၂၈၀ ပေ (သို့မဟုတ်) ၁၇၆၀ ကိုက် (သို့မဟုတ်) ၈ဖာလုံနှင့် ညီမျှပြီး ပြောင်းလဲပေးရမှာဖြစ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြား ရှိရင်အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ ရတဲ့အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဥပမာ- **၂လက်မလျှင် ၁မိုင်စကေးကို ပေ၃၀၀** အထိ ပြသနိုင်သော စကေးကျဲပုံတစ်ပုံ တွက်ချက်ရေး ဆွဲရာတွင် တွက်နည်းတွင်ပေးထားသော **၂ လက်မလျှင် ၁ မိုင်စကေးကို ပေ ၃၀၀ အထိ** ပြသနိုင်သော စကေးကျဲပုံ ဆွဲရမှာ ဖြစ်တဲ့အတွက် **ပေ**အဖြစ်ယူနစ်တူအောင် ပြောင်းရမယ်။ အခြေခံမျဉ်းအလျား ၆ လက်မလိုအပ်၍ ၆ လက်မပေါ်ရှာပါက **ပေ ၁၅၈၄၀**ရမည်။ အနီးဆုံးကိန်းပြည့်ဂဏန်းဖြစ်တဲ့ **ပေ ၁၅၀၀၀** ဟုယူသင့်တယ်။ ထို့နောက် အခြေခံမျဉ်းအလျားကို **ပေ ၁၅၀၀၀** ပေါ်တွင် ပြန်ရှာပါကဆွဲရမည့် **၅ ဒသမ ၆၈ လက်မ** အလျားကိုရမယ်။ အခြေခံမျဉ်းပေါ်တွင် စိတ်ပိုင်းရန် အနီးဆုံးယူသည့်ကိန်းဂဏန်းဖြစ်သော **ပေ ၁၅၀၀၀** ကို ပြသလိုသော **ပေ ၃၀၀**နှင့် စားပါက အပိုင်း **၅၀** ရမယ်။ အပိုင်း **၅၀** ကို ဆခွဲကိန်းခွဲပေးပါက မူလပိုင်း (၅)ပိုင်းနှင့် ထပ်ဆင့်ပိုင်း (၁၀)ပိုင်းရမယ်။ မူလပိုင်း တစ်ပိုင်း၏ တန်ဖိုး **ပေ ၃၀၀၀**နှင့် ထပ်ဆင့်ပိုင်းတစ်ပိုင်း၏တန်ဖိုး **ပေ ၃၀၀**ကိုရရှိမယ်။ ထပ်ဆင့်ပိုင်း တစ်ပိုင်း၏ တန်ဖိုးသည် ပြသရန် လိုအပ်သော **ပေ ၃၀၀**နှင့် ညီတယ်။

ပုံဆွဲနည်းအဆင့်ဆင့်ကတော့

၁။ တွက်ချက်၍ ရသော အလျား ၅ ဒသမ ၆၈ လက်မအတိုင်း စကေးမျဉ်းကို တိကျစွာရေးဆွဲပါ။
၂။ စကေးမျဉ်း၏လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။
၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်တွင် (၅)ပိုင်းအညီ ကွန်ပါထောက်ဖြင့် ပိုင်းပါ။
၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့်ဆက်ပါ။
၅။ ထိုမျဉ်းနှင့်အပြိုင် ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲပါ။ ထိုအခါ စကေးမျဉ်းပေါ်တွင် ပိုင်းလိုသည့်အရေအတွက် အပိုင်းကြီး(မူလပိုင်း) (၅)ပိုင်းကို အညီအမျှပိုင်းပြီးဖြစ်မည်။
၆။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း(၁၀)ပိုင်းအညီစိတ်ရန် စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။
၇။ အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်း ပိုင်းမှတ်မှ အောက်သို့မတ်မျဉ်းထောင်ပါ။ ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ (၁၀) ပိုင်းပိုင်းပါ (မတ်မျဉ်းများကို၁လက်မထောင်ပြီး ၁ လက်မရှိ ၁၀ စိတ်ကို အညီအမျှ ပိုင်းမှတ်နိုင်သည်။)
၈။ ထို (၁၀) ပိုင်း ပိုင်းမှတ်များကို ပုံတွင်ပြထားသည့်အတိုင်း မျဉ်းပြိုင်များဆက်လျှင် မူလပိုင်းကြီး တစ်ပိုင်းကို အညီအမျှ (၁၀) ပိုင်း ပိုင်းပြီးဖြစ်မည်။
၉။ အပိုင်းတန်ဖိုးများ တပ်ပေးရမည်။'၀'ကို ပထမပိုင်းမှတ်၌ရေးရမည် '၀' မှ လက်ယာဘက်သို့ လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း၊ အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား **'ပေ'** ကိုဖော်ပြရမည်။
၁၀။ အနည်းဆုံးတစ်ပိုင်း၏ တန်ဖိုးကို ပုံတွင်ဖော်ပြပေးရမည်။
၁၁။ ခေါင်းစဉ်တပ်ပေးရမည်။

၂လက်မလျှင်၁မိုင်စကေးကို ပေ၃၀၀အထိ ပြသနိုင်သော စကေးကျဲပုံ

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင်



စာမျက်နှာ ၁၆ သို့☆

☆စာမျက်နှာ ၁၅ မှ

ထပ်မံခွဲခြားနိုင်တယ်။ ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံ စကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာ တွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာခြင်းမှာတော့

ကောင်းကင်ဓာတ်ပုံစကေးကို

(၁) ကင်မရာဆုံတာနှင့် လေယာဉ်ပျံသန်းသောအမြင့်တို့၏အချိုးဖြင့် စကေးရှာနည်း

အသုံးပြုရမည့်ပုံသေနည်း(၁) **Scale or RF =** $\frac{f}{H}$

အသုံးပြုရမည့်ပုံသေနည်း(၂) **Scale or RF =** $\frac{f}{(A-h)}$

(၂) ဓာတ်ပုံပေါ်အကွာအဝေးနှင့် မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့်စကေးရှာနည်း

အသုံးပြုရမည့်ပုံသေနည်း **Scale or RF =** $\frac{PD}{GD}$

(၃) စကေးသိသောမြေပုံနှင့် နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်း

အသုံးပြုရမည့်ပုံသေနည်း **Scale or RF =** $\frac{PD}{MD}$ **x Map Scale** တို့ဖြစ်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအပိုင်းတွင်(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာနှင့် လတ္တီကျူ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံ၏ မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီး အတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝ ပထဝီဝင်၊လူမှုစီးပွားရေး ပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်း ဖြေဆိုခြင်းများ ပါဝင်တယ်။ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင်ပေးထားသော အလျားလိုက်စကေးကို အသုံးပြုတွက်ချက် ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် **၅ ဆမှ ၁၀ ဆ** အထိချဲ့သင့်တယ်။

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ပေါ်မူတည်ပြီး ဒေါင်လိုက်စကေး ၅ ဆချဲ့သော်

ဒေါင်လိုက်စကေး ၁ လက်မ × ၅ ဆ = ၁ မိုင်

၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မ = ?

= ၁ × ၅၂၈၀ = ၁၀၅၆ ပေ

၅

ရလာသောအဖြေကို ပုံဆွဲရာ၌လွယ်ကူအောင် အနီးဆုံးကိန်းပြည့် **ပေ ၁၀၀၀** ကို ယူရမယ်။

ထို့ကြောင့် **ဒေါင်လိုက်စကေး ၁လက်မ= ပေ ၁၀၀၀** ရလာမယ်။ ရရှိလာသောအဖြေကို အသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်မှာ

ပထမဦးဆုံး ပေးထားသော ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။ ပြီးလျှင် 'က'နှင့်'ခ'ဖြတ်သန်းရာမျဉ်းတစ်လျှောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။ ဤသို့မှတ်သည့်အခါ ပေးထားသောကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

ထို့နောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။ ပြီးလျှင် ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ' အလျားအတိုင်း အောက်ခြေ အလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ခေါက်ထားသော ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ' အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။ မှတ်ထားသောအစက်များကို ပြေပြစ်သည့် မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင်လိုအပ်သော ဖြတ်ပိုင်းပုံကို ရလာမယ်။ ဤကဲ့သို့ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ 'က'နှင့်'ခ'ကို ဘောင်၌ရှိသောနေရာအမြင့်များမှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင်ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဌာန်အနည်းငယ်ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသောမြစ်၊ချောင်း၊ အင်းအိုင်၊ လမ်းစသည့်နေရာများကို မြားများပြပြီးဖော်ပြရမည်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်သည်။ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင်အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမည်။

မြေပုံပါဒေသ၏တည်နေရာကိုဖော်ပြတဲ့အခါ နည်း နှစ်နည်းဖြင့် ဖော်ပြနိုင်တယ်၊ **ပထမနည်းက သင်္ချာနည်း** ဖြစ်ပြီး မြေပုံ၏ဘောင်တွင် လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိသည်။ မေးခွန်းပါကွန်တိုမြေပုံများဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းများအနက် **၉၀° ကျော်** သော ကိန်း နှစ်ခုသည် **အရှေ့လောင်ဂျီကျူ** ဖြစ်ပြီး ကျန်**၉၀° အောက်** နှစ်ခုမှာ **မြောက်လတ္တီကျူ** ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။ ဥပမာ- မြေပုံပါဒေသသည် **အရှေ့လောင်ဂျီကျူ** ၉၆° ၉' နှင့်၉၆° ၁၃'အတွင်း**မြောက်လတ္တီကျူ** ၂၁° ၄၅' နှင့် ၂၁° ၄၉' အတွင်းတွင် ရှိတယ်လို့ရေးရမယ်။**နောက်တစ်နည်း**မှာ မြေပုံပေါ်မှာပါရှိသည့် ထင်ရှားသော မြစ်ချောင်းစသည့် မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကိုမှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ-ပေးထားတဲ့ မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက "ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသ"ဟု အကြမ်းအားဖြင့်ရေးနိုင်တယ်။ အကယ်၍ ထင်ရှားသောမြို့တစ်မြို့ (ဥပမာ- ရေနံချောင်းမြို့ ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသ"ဟု ရေးနိုင်တယ်။ မြေပုံပါဒေသ၏ ဧရိယာကိုစတုရန်းမိုင်ဖြင့် ဖော်ပြရမယ်။

ဥပမာ- **မြေပုံ၏စကေး**သည် **၁ လက်မလျှင်တစ်မိုင်**ဖြစ်ပြီး ယင်း**မြေပုံ၏ အလျား ၄လက်မနှင့် အနံ ၂လက်မ** ရှိပါက **မြေပြင်တွင် အလျား ၄ မိုင်နှင့် အနံ ၂ မိုင်**ဖြစ်တယ်။ ထို့ကြောင့် ပေးထားသောမြေပုံပါဒေသ၏ဧရိယာသည် **အလျား ၄ မိုင်×အနံ ၂ မိုင်=၈စတုရန်းမိုင်**ရှိသည်။အကယ်၍ရရှိတဲ့အဖြေသည် ကိန်းပြည့်မဟုတ်ပါက အနီးဆုံး ကိန်းပြည့်ဖြင့်ဖော်ပြနိုင်တယ်။မြေပုံပါဒေသသည် မြန်မာနိုင်ငံ၏မည်သည့်ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်း ပါဝင်သည်ကိုဖော်ပြရာမှာ မြေပုံ၌ပါဝင်သည့်မြို့၊ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စသည့်အခြေအနေများကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။ ဥပမာ- မြေပုံတွင် ဂွမြို့နယ်ဟုတွေ့ရသဖြင့် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်ဟု တွေ့ရသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိသည်ဟု ရေးနိုင်တယ်။ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊စီးပွားရေးပထဝီဝင်စသည့် မေးခွန်းတွေကို ဖြေတဲ့အခါမှာမြေပုံရှိ ရည်ညွှန်းချက်များကို သေချာစွာလေ့လာမှတ်သားရမယ်။ အဲဒီအခါ မြေပုံမှာပါတဲ့ ထင်ရှားသောလက္ခဏာများကိုသိမြင်ပြီး ဒေသတစ်ခုလုံးကို ခြုံငုံသဘောပေါက်မှသာ စတင်ရေးသားသင့်တယ်။ ရေးသားရာတွင် အတွေ့အကြုံလည်း များစွာလိုအပ်တဲ့အတွက်ကြောင့် ကွန်တိုမြေပုံများစွာကို ကြည့်ရှုလေ့လာထားရမယ်။ ဒါအပြင် ကြောင်းကျိုးဆက်နွယ် ဖြေဆိုတတ်ရန်လည်း လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုပါ။ ဆက်လက်ပြီးပေးထားတဲ့ ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။ ဖော်ပြပါမြေပုံဒေသသည် ရွှေကျင်မြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။'က'အမှတ်အသားသည် ဒေသ၏**အနောက်တောင်**ဘက်တွင်ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏**အရှေ့**ဘက်တွင် ရှိသည်။

ဒါကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် ဖော်ပြပါအတိုင်းတွေ့ရမည်



'က' မှ 'ခ' သို့ ဖြတ်ပိုင်းပုံ

'က'နေရာသည် အမြင့်ပေ ၁၀၀ အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ဆက်ရာ မဒမချောင်းနှင့်ချောင်းငယ်



များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ပေ၃၀၀နှင့် ပေ၄၀၀ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီ'ခ'အမှတ်နှင့်ဆက်သွယ်ထားသည်။

'ခ' အမှတ်သည် အမြင့်ပေ ၅၀၀ အောက်တွင် တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင် အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပပထဝီဝင်

တည်နေရာနှင့် အကျယ်အဝန်း

ပေးထားသောကွန်တိုမြေပုံပါဒေသတွင် ရွှေကျင်မြို့ကို တွေ့ရသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၁၇° ၅၃'မှ၁၇° ၅၇'အတွင်းနှင့် အရှေ့လောင်ဂျီကျူ၉၆° ၅၂'မှ ၉၆° ၅၆'အတွင်း တည်ရှိသည်။ ဧရိယာ(၂၀. ၂၅)စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း

မြေပုံတွင် တောင်ကုန်းတောင်တန်းအပိုင်းနှင့် မြေပြန့်လွင်ပြင်ပိုင်းဟူ၍ နှစ်ပိုင်းတွေ့နိုင်သည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏အရှေ့နှင့် အရှေ့တောင်ပိုင်းတွင်တွေ့ရပြီး အမြင့်ဆုံးအပိုင်းသည် ပေ၅၀၀ကျော်မြင့်သည်။ တောင်တန်း၏အနိမ့်ဆုံးအပိုင်းသည် ပေ ၁၀၀ ဖြစ်ပြီး မြေပြန့်လွင်ပြင်ပိုင်းကို မြောက်ဘက်၊ အနောက်ဘက်နှင့်တောင်ဘက်ပိုင်းတို့တွင် ကျယ်ပြန့်စွာတွေ့ရပြီး မြေပုံပါဒေသ၏ ၄ ပုံ ၃ ပုံကျော် ကျယ်ဝန်းသည်။ လွင်ပြင်သည် ပေ ၁၀၀ အောက်နိမ့်သော မြေပြန့်လွင်ပြင်အမျိုးအစားဖြစ်သည်။ ပုံတွင် ရွှေကျင်ချောင်းသည် အရှေ့မြောက်မှအနောက်ဘက်သို့ စီးဆင်းနေသည်။ ရွှေကျင်ချောင်း အတွင်းသို့တောင်ဘက်မှ မဒမချောင်းစီးဝင်သည်။ ချောင်းများအတွင်း သဲသောင်များတွေ့ရပြီး ချောင်းငယ်များအဘက်ဘက်မှ စီးဝင်နေသည် ။ရွှေကျင်ချောင်းနှင့် ချောင်းအားလုံးသည် ရေအမြဲစီးဆင်းသော ချောင်းများ ဖြစ်သည်။

စာမျက်နှာ ၁၇ သို့◆

◆စာမျက်နှာ ၁၆ မှ

ရာသီဥတု

ဒေသသည် မြောက်လတ္တီကျူ ၂၃½° အတွင်းတည်ရှိခြင်း၊ ပေ ၃၀၀၀ အောက်နိမ့်သော ဒေသဖြစ်ခြင်းကြောင့် အပူချိန်များသည်။ တောင်တန်းများရှိခြင်း၊ ရေအမြဲစီးဆင်းသည်။ ချောင်းများတွေ့ရခြင်းတို့ကြောင့် မိုးများသည်။ ပဲခူးတိုင်းအောက်ပိုင်းတွင် တည်ရှိ၍ ပင်လယ်နှင့် နီးခြင်းကြောင့် အပူချိန်ကွာခြားချက်နည်းသည်။ အပူချိန်များပြီး မိုးရေချိန်များခြင်းကြောင့် အပူပိုင်းစိုစွတ် (မိုးများ) ရာသီဥတုရရှိသည်။

သဘာဝပေါက်ပင်

အပူချိန်များပြီး မိုးရေချိန်များ၍ တောင်ကုန်းတောင်တန်းများပေါ်တွင် အပူပိုင်းအမြဲစိမ်းတောနှင့် ရွက်ပြတ်ရောတောများပေါက်သည်။

မြေဆီလွှာ

မိုးများ၍တောင်ကုန်းတောင်တန်းများပေါ်တွင် နီညိုတောမြေ၊ ဝါညိုတောမြေ၊ မြေပြန့်လွင်ပြင်များပေါ်တွင် လယ်မြေနှင့် မြစ်ချောင်းများအနီးတွင် နုန်းမြေနှင့် သဲများတွေ့ရသည်။

လူဦးရေ

မြို့နှင့် ကျေးရွာများ ကျဲပါးစွာတွေ့ရ၍ လူနေနည်းသည်။ ရွှေကျင်မြို့သည် လူနေထိုင်မှု အသင့်အတင့်များသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများသည် မြစ်ချောင်းများအနီးတွင် တည်ရှိကြပြီး စုစည်းသောပုံသဏ္ဍာန်ရှိသည်။ မြေပုံပါဒေသသည် ပဲခူးတိုင်းဒေသကြီးတွင်ပါဝင်၍ ဗမာလူမျိုးအများဆုံး နေထိုင်ပြီး ကရင်၊မွန်နှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်သည်။ ထို့အပြင် ဗမာလူမျိုးအများဆုံးနေထိုင်၍ ဗုဒ္ဓဘာသာကိုးကွယ်သူများပြီး အခြားဘာသာဝင်များလည်း နေထိုင်သည်။

စီးပွားရေးပထဝီဝင်

စိုက်ပျိုးမွေးမြူရေး

မြေပြန့်လွင်ပြင်ပိုင်းရှိ လယ်မြေများပေါ်တွင် မိုးဥတု၌ စပါးစိုက်ပျိုးပြီး ဆောင်းသီးထပ်အဖြစ် မြေပဲ၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များစိုက်သည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် ဥယျာဉ်ခြံသီးနှံ (ရှောက်၊ သံပရာ၊ တညင်း၊ နာနတ်)တို့ စိုက်ပျိုးသည်။ မြစ်ချောင်းအတွင်း သဲသောင်များပေါ်တွင် မြေပဲ၊ ဆေးရွက်ကြီး၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်တို့ စိုက်ပျိုးသည်။ မွေးမြူရေးတွင် စိုက်ပျိုးရေးအတွက် ကျွဲ၊ နွားတို့မွေးမြူပြီး စားသုံးရန် ကြက်၊ ဘဲ၊ ဝက် တို့ကို မွေးမြူသည်။

ရေလုပ်ငန်း

ဒေသအတွင်းရှိချောင်းများမှ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည်။

သစ်တောလုပ်ငန်း

တောင်ကုန်းတောင်တန်းများပေါ်၌ ဒေသသုံး သစ်၊ ဝါးနှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

စက်မှုလက်မှုလုပ်ငန်း

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများအဖြစ် ဆန်စက်၊ ဆီစက်များနှင့် သစ်တောများရှိ၍ သစ်စက်များလည်းရှိသည်။ ရွှေကျင်မြို့တွင် ဆေးလိပ်လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ငန်းများကို တွေ့ရပြီး ကျေးရွာများတွင် ရက်ကန်းလုပ်ငန်းများရှိသည်။

ပို့ဆောင်ဆက်သွယ်ရေး

ဒေသတွင်းဆက်သွယ်ရေးလမ်းများ နည်းပါးကြောင်းတွေ့ရသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများကို လှည်းလမ်း၊ လူသွားလမ်းများနှင့် ဆက်သွယ်ထားသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများသည် ချောင်းများအနီး တည်ရှိပြီး ရွှေကျင်ချောင်းနှင့် မဒမချောင်းများအတွင်း လှေ၊သင်္ဘောငယ်များ သွားလာနိုင်သည်။ **ကုန်သွယ်ရေး**တွင် ဒေသတွင်းမှ စိုက်ပျိုးရေးထွက်ကုန်၊ သစ်တောထွက်ကုန်၊ ရက်ကန်းထည်များ တင်ပို့ပြီး အခြားဒေသများမှ ဒေသအတွက်လိုအပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါးများ ပြန်လည်တင်သွင်းသည်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာ ဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများ အနေနဲ့ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုတယ်။ သင်ခန်းစာအားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါမှာ မြေပုံနှင့်အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်မှာ ဖြစ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်မယ်။ မေးခွန်းမှာ မေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရမယ်။ လက်တွေ့ပထဝီဝင်အပိုင်းကို တိကျစွာ ဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာလေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊မြို့ကျက်သရေဆောင် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းဘုရားပွဲတော် ကြေညာချက်

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းဘုရားပွဲတော်ကြီးကို ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲတို့ဖြင့် (၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်)မှ တပေါင်းလပြည့်ကျော်၄ရက် ၁၄-၃-၂၀၁၁ ရက်မှ ၂၃-၃-၂၀၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လူပဟောင်းတေးသရုပ်ဖော်ကပွဲ၊ ဆပ်ကပ်၊ ချား၊ ရဟတ်၊ မျက်လှည့်နှင့် ခါတ်ပုံတိုက်မြေနေရာများကို (၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း၁ရက်)မှ တပို့တွဲလဆန်း၁၅ရက် ၄-၂-၂၀၁၁ ရက်မှ ၁၈-၂-၂၀၁၁ ရက်အထိ လည်းကောင်း၊ လူဟောင်းဈေးဆိုင်ခန်းများကို တပို့တွဲလဆန်း၁ရက်မှ တပို့တွဲလကွယ်နေ့ ၄-၂-၂၀၁၁ ရက်မှ ၄-၃-၂၀၁၁ ရက်အထိ လည်းကောင်း လူသစ်များကို လူဟောင်းများ သတ်မှတ်ရက်အသီးသီး၏ နောက်ပိုင်းတွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ပါသည်။

ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်နှင့် တေးသရုပ်ဖော်ကပွဲများ ထည့်သွင်းလိုသည့် ကန်ထရိုက်တာများ အမြန်လာရောက် ဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်လောကမာရဇိန်စေတီ
နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်



ဒေါ်မြင့်မြင့်(ခ)ဒေါ်လီချူး[၁၂/လသန(နိုင်)၀၀၇၄၁၇]နှင့်တကွအများသိစေရန် ကန့်ကွက်ကြေညာခြင်း

၁၃-၁-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် အထက်တန်းရှေ့နေ ဦးဝင်းဇော်၏မိတ်ဆွေက ဒေါ်မြင့်မြင့်(ခ) ဒေါ်လီချူးထံမှ ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁/ဘီ)၊ မြေကွက်အမှတ်-၃၂၊ အကျယ်အဝန်း ပေ(၂၅× ၅၀)ရှိ မြေပိုင်မြေ၊ အမှတ်(၄၇)၊ ၂၂လမ်း၊ ၅ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးထားပြီးဖြစ်၍ကန့်ကွက်နိုင်ကြောင်း ကြေညာထားကြောင်း တွေ့ရှိရပါသည်။

အဆိုပါ မြေကွက်နှင့်အဆောက်အအုံတို့ကို ဒေါ်ခင်ပို့(ခ)တန်ချူးကီး(ခ) ဒေါ်ကောက်ပို့ [၁၂/လသန(နိုင်)၀၁၅၉၆၉]သည်လည်း ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်လျက် စီမံခန့်ခွဲခွင့်ရှိသူဖြစ်သည့်အပြင် ယင်းလိပ်စာနှင့်တစ်ဆက်တည်းဖြစ်သော အမှတ်(၄၉)၊ (၂၂)လမ်း၊ ၅ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့လိပ်စာတွင်ပင် မိသားစုနှင့်တကွ လက်ရှိနေထိုင်လျက်ရှိပါသည်။ ပူးတွဲအမွေဆက်ခံခွင့်ရှိသူ ဒေါ်ခင်ပို့(ခ)တန်ချူးကီး(ခ)ဒေါ်ကောက်ပို့၏ သဘောတူခွင့်ပြုချက်မရဘဲ တစ်ဦးတည်း၏သဘောဖြင့် ရောင်းချပိုင်ခွင့်မရှိပါ။ အမွေပြဿနာရှိနေသော မြေနှင့်အဆောက်အအုံကို ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ကြေညာအပ်ပါသည်။

ဒေါ်ခင်ပို့(ခ)တန်ချူးကီး(ခ)ဒေါ်ကောက်ပို့၏ညွှန်ကြားချက်အရ-
ဦးတင်အေး(စဉ်-၃၄၅၀)
B.Sc,H.G.P,R.L,D.B.L,D.M.L,D.A.Psy,D.I.L
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ်-၁၅၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၀၆၇၆၄

ရေးမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ် ဝင်တန်းအောင် ကျောင်းသား/သူများ ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့၊ ဗဟန်း(၃)လမ်း၊ ခေမာရာမသီလရှင်စာသင်တိုက်၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာအသင်းသား/သူများ၊ မြို့နယ်သူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် (၇၅)နှစ်ပြည့် ဘိုးဘွားများအမည်စာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ (အသင်းဝင်သားသမီး)များစာရင်းကို ဦးမြင့်ဆွေ (ဥက္ကဋ္ဌ) ဖုန်း ၅၈၀၄၉၅၊ ဦးဖေအောင်(ဒု-ဥက္ကဋ္ဌ-၁) ဖုန်း-၅၇၀၀၆၂၊ ဦးစံလွင် (ဒု-ဥက္ကဋ္ဌ-၂) ဖုန်း- ၅၈၀၆၇၃၊ ဦးသက်ဝေ (အတွင်းရေးမှူး) ဖုန်း-၅၄၈၃၇၅၊ ဦးဝင်းတင်(တွဲဖက်မှူး) ဖုန်း-၅၇၂၅၄၂၊ ဒေါ်ခင်စောမြင့် (ဘဏ္ဍာရေးမှူး) ဖုန်း- ၅၀၁၅၁၇၊ ဒေါ်မိမိဆန်း(အမှုဆောင်) ဖုန်း-၀၉-၅၀၄၂၂၇၄တို့ထံသို့ ဇန်နဝါရီလ ၂၂ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

မှတ်ချက်။ ။ နံနက်စာဖြင့် ဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့
ရေးမြို့နယ်အသင်း(ရန်ကုန်)

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄
ကွယ်လွန်သူဒေါ်သန်းသန်းအေးအမည်ဖြင့် စုဆောင်းခဲ့သောစုငွေများနှင့်စပ်လျဉ်းသည့်ကိစ္စ

၁။ဦးလှရွှေ
၂။ဦးလှဒင်
၃။ဦးလှဖေ ------- လျှောက်ထားသူများ
၄။ဒေါ်ခင်ဖြူ
၅။ဦးကျော်လင်း
အမှတ်(၉၉/၁၀၁)၊ မြေညီထပ်၊ (၅၄)လမ်း၊ (၄)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း၊ အမှတ်(၉၉/၁၀၁)မြေညီထပ်နေ အထက်အမည်ပါ လျှောက်ထားသူများက ကွယ်လွန်သူ ဒေါ်သန်းသန်းအေးနှင့် ညီအစ်ကိုမောင်နှမအရင်းတော်စပ်သူများဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၁)၊ ငွေစုဘဏ်စာရင်းအမှတ်-အက်စ်အေ-၀၃၈၅၂၆ရှိလက်ကျန်ငွေ(၆၀၅၆၀၉၂/၆၅ါး)(ကျပ်သိန်းခြောက်ဆယ်ငါးသောင်းခြောက်ထောင်ကိုးဆယ့်နှစ်ကျပ်နှင့်ခြောက်ဆယ့်ငါးပြားတိတိ)နှင့် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၂)၊ ငွေစုဘဏ်စာရင်းအမှတ်-အက်စ်အေ-၈၇၇၂ ရှိ လက်ကျန်ငွေ(၉၉၄၄၇/၂၀ါး) (ကျပ်ကိုးသောင်းကိုးထောင်လေးရာလေးဆယ့်ခုနစ်ကျပ်နှင့်ပြားနှစ်ဆယ်တိတိ)တို့ကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံရေးအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သန်းသန်းအေးမှ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်(၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူများ၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အေးအေးလှိုင်
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မဟာသတိပဋ္ဌာန်တရားတော်နှင့် မဇ္ဈိမပဋိပဒါလက်တွေ့ကျင့်စဉ် တတိယအကြိမ်မြောက်(၁၀)ရက်စခန်းသင်တန်း

မဟာသတိပဋ္ဌာနသုတ်လာ သတိပဋ္ဌာန်တရားတော်နှင့် မဇ္ဈိမပဋိပဒါ လက်တွေ့ကျင့်စဉ်(၁၀)ရက်စခန်းသင်တန်းကို ဆရာတော်အရှင်ဣန္ဒြိယ (သာသနဓဇမ္မာစရိယ၊ သာသနကိုရမ္မာစရိယ)က အောက်ပါနေ့ရက်၊ အချိန်တို့၌ ဓမ္မဒါနဟောပြော ပို့ချသင်ကြားပေးမည် ဖြစ်ပါသည်။

သင်ကြားမည့်နေ့ရက် - ၂၉-၁-၂၀၁၁ရက် (စနေနေ့)မှ ၂-၂-၂၀၁၁ရက် (ဗုဒ္ဓဟူးနေ့)အထိ ပထမပိုင်း ၅ရက်
၅-၂-၂၀၁၁ရက် (စနေနေ့)မှ ၉-၂-၂၀၁၁ရက် ဗုဒ္ဓဟူးနေ့အထိ ဒုတိယပိုင်း ၅ရက်

သင်ကြားမည့်အချိန် - နံနက် ၈နာရီမှ ၉း၃၀နာရီအထိ မဟာသတိပဋ္ဌာနသုတ်သင်တန်းချိန်
နံနက် ၉း၃၀နာရီ မှ ၁၀း၃၀နာရီအထိ သတိပဋ္ဌာန်တရား လက်တွေ့အားထုတ်ချိန်

သင်ကြားမည့်နေရာ - ရှင်သာမဏေဓမ္မဗိမာန်၊အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

မည်သူမဆို ကုသိုလ်ဖြစ် တက်ရောက်သင်ယူ အားထုတ်နိုင်ပါသည်။

ကန့်ကွက်နိုင်သည်

ကျွန်ုပ်မ ဒေါ်စန္ဒာဝင်း နိုင်ငံသားစိစစ်ရေးကတ် [၁၂/ကတတ(နိုင်)၀၀၁၈၂၉] ကိုင်ဆောင်သူသည် အမှတ်(၁၅)၊ အာသောကလမ်း၊ ပြည်ထောင်စုရိပ်မွန်ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော (ပေ၆၀×ပေ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်တိုက် အဆောက်အအုံကို ပိုင်ရှင် ဒေါ်ကြည်လေး[၁၂/တမန(နိုင်)၀၈၈၀၅၈]ထံမှ စရန်ပေးဝယ်ယူထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်လိုသူတို့သည် ဤကြော်ငြာသည့်နေ့မှ(၁၅)ရက်အတွင်း ကျွန်ုပ်မထံတွင် ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်မှုအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်စန္ဒာဝင်း
[၁၂/ကတတ(နိုင်)၀၀၁၈၂၉]
အမှတ်(၆၅/၇၀)၊ (၁၂)လွှာ၊ အခန်းအမှတ်(၁၂၀၁)
ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၄၃၀၁၆၈ EX: ၁၁၂၁
၀၁-၇၃၀၉၈၂၅၄၊ ၀၉ ၈၀ ၃၄၃၃၀

အများသိစေရန် သတိပေးကြေညာချက်

"ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်-၈၆(ပထမထပ်)၊ အကျယ်အဝန်း (၁၅ပေ×ပေ၆၀) ရှိ ခြေရင်းခန်းတိုက်ခန်း"နှင့် စပ်လျဉ်း၍ ဒေါ်သန်းသန်းအေးမှတရားလိုပြုလုပ်ပြီး (၁) ဦးသန်းအောင်၊ (၂) ဒေါ်ထားထားအိတို့အပေါ် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး (၆)ရုံး၊ တရားမကြီးမှုအမှတ် (၇၄၉/၁၀)တွင် "တိုက်ခန်းပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပြဋ္ဌာန်းပေးစေရန်နှင့် တရားလိုသော့ခတ်ထားသည့်အခန်းအား တရားပြိုင်များက သော့တစ်လုံးထပ်ဆင့်ခတ်ထားသည့်အတွက် ဖယ်ရှားပေးပြီးလျှင် ယင်းကဲ့သို့မပြုလုပ်ရန် ထာဝစဉ်တားဝရမ်း ထုတ်ပေးစေလိုမှု " စွဲဆိုထားပါသည်။

ဒေါ်သန်းသန်းအေးမှ တရားစွဲဆိုထားပြီးဖြစ်၍အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ အမှုအတောအတွင်း လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

(ဇေယျာ)ဦးစိန်လှိုင်	**ဒေါ်စန်းစန်းမြင့်ဝေ**	**ဒေါ်အေးစန္ဒာစိုး**
(စဉ်-၂၃၅၇)	**(စဉ်-၆၇၆၂)**	**(စဉ်-၃၀၈၁၂)**
တရားရုံးချုပ်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ်-၄၆၊ (ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့







ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၁၆၄၇၅၆၊ Luojia LJ 125၊ ယာဉ်လက်ဝယ်ရှိသူအမည်ဦးသွင်ကိုလတ် မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်) ၀၇၇၃၃၄] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-မတလ/၂၈၂၇၇၆၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ရီရီခင် မှတ်ပုံတင်အမှတ် [၉/ပသန(နိုင်) ၁၇၄၃၉၄] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ခရိုင်ရုံး(ရမည်းသင်း)**

ခွေးရောင်းရန်

Alsation(၁)နှစ်အမ(၂)ကောင်၊ (၅) လ အထီး (၁)ကောင်၊ Golden Retriever (၁)နှစ် အထီး အမ၊ Rottweiler (၁)နှစ်အမ(၁) ကောင်၊ Dobermann၇လအထီး(၁)ကောင်၊ Dobermann ၂ လ ကာကွယ်ဆေးထိုးပြီး၊ Inn ၃ လသားများ ကာကွယ်ဆေးထိုးပြီး။

DOG CITY PET SHOP
Ph:09-5027588

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆီး နှင်း များ ထူ ထပ် စွာ ကျရောက်နေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ - အင်တာနက်)

ပြင်းထန်သော ဆီးနှင်းကျဆင်းမှုနှင့် မိုးသီးကြွေမှုများကြောင့် တရုတ်အနောက်တောင်ပိုင်း၌ ပျက်စီးမှုများဖြစ်ပေါ်

ပေကျင်း ဇန်နဝါရီ ၂၁

ပြင်းထန်သော ဆီးနှင်းကျဆင်းမှုများနှင့် မိုးသီးကြွေမှုများ အဆက်မပြတ်ဖြစ်ပေါ်မှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသအချို့တွင် ယာဉ်အသွားအလာများ ပိတ်ဆို့သွားခဲ့ပြီး ရေနှင့်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုများ ပြတ်တောက်ခဲ့သည်။

ကြာသပတေးနေ့က ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆီးနှင်းထူထပ်စွာ ကျဆင်းပြီး မိုးသီးကြွေကျမှုများကြောင့် နေအိမ် ၃၃၂ လုံး ပြိုလဲပျက်စီးခဲ့ရပြီး လူဦးရေ ၆၂၄၁ ဦးကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ဒေသဆိုင်ရာ မြို့ပြအာဏာပိုင်အဖွဲ့က ပြောကြားသည်။

မိုးသီးကြွေ

ယင်းဆိုးရွားပြင်းထန်သော ရာသီဥတုအခြေအနေကို ပြည်သူ သုံးသန်းခန့် ခံစားခဲ့ကြရသည်။ ဆီးနှင်းကျဆင်းမှုနှင့် မိုးသီးကြွေမှုကြောင့် ဓာတ်အားလိုင်း ၁၅ လိုင်းမှာ အသုံးပြု၍ မရနိုင်အောင်ဖြစ်ခဲ့ကာ လမ်း ၁၃၂ လမ်းကိုလည်း နှင်းများကျဆင်းမှုကြောင့် ပိတ်ထားခဲ့ရသည်။

ယင်းဒေသ၏ အိမ်နီးချင်း ဟူနန်ပြည်နယ်တွင် တနင်္လာနေ့ကတည်းက နှင်းမုန်တိုင်းများ စတင်တိုက်ခတ်ပြီး လူ ၁၀ သန်းခန့် အတိဒုက္ခရောက်ခဲ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍

၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံနှင့် Myanmar International တို့က ယင်းနေ့ ညနေ ၅ နာရီမှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက်
သဘာဝဘေးအန္တရာယ်သတင်း
ဘာသာပြန် - ဝီရဇော်

ထူးခြားသည့် ညအပူချိန်များ

(၂၁-၁-၂၀၁၁)

ဟားခါး	(-၄)	ဒီဂရီစင်တီဂရိတ်
လားရှိုးနှင့် လွိုင်လင်	၁	ဒီဂရီစင်တီဂရိတ်စီ
နမ့်စန်၊ပင်လောင်းနှင့် ဟဲဟိုး	၂	ဒီဂရီစင်တီဂရိတ်စီ
ပူတာအိုနှင့် မိုးကုတ်	၃	ဒီဂရီစင်တီဂရိတ်စီ

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅)၊ (၁၆)နှင့် (၁၇)တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။